ကြေးမုံ
**The Mandalay Daily**
မန္တလာ့ရတီ
၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။
အတွဲ(၂၈)၊ အမှတ်(၁၀၅)၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ ၁၄-၃-၂၀၂၅၊ သောကြာနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၁၃

၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ် အတွင်းရှိ အဂ္ဂါဓိပတိသာသနဒ္ဓဇမာန်တော်ကြီးအတွင်း၌ ဆင်ယင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပြီး ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

စာမျက်နှာ ၃ သို့



**ဆက်ကပ် လောင်းလှူ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။

**အများအားဖြင့် သာယာမည်**

နေပြည်တော် မတ် ၁၃

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ မတ် ၁၄ ရက်၊ သောကြာနေ့။

မန္တလေး

# ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များ ဖြစ်စေရန် ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်တွင် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးဟူသော လူမှုရေးတည်ချက်တစ်ရပ်လည်း ပါဝင်သည်။ နိုင်ငံတော်၏ အနာဂတ်ကာလအတွက် လူငယ်များကို တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာစေရန် ပြုစုပျိုးထောင်ရာတွင် ဗလငါးတန် ဖွံ့ဖြိုးရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်လိုအပ်သည်။ ကိုယ်ကာယဖွံ့ဖြိုးရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေးနှင့် ဗဟုသုတပြည့်စုံရေး၊ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးဆိုင်ရာ အသိအမြင်များ ကျယ်ပြန့်ရေးတို့ကို လူငယ်ဘဝတွင် ပြည့်စုံအောင် လေ့ကျင့်ဖြည့်ဆည်းပေးနိုင်သည်နှင့်အမျှ အနာဂတ်ကာလတွင် နိုင်ငံက အားကိုးအားထား ပြုရမည့် စွမ်းအားစုများကို ရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတွင် သဘာဝသယံဇာတအရင်းအမြစ်များ ပြည့်စုံကြွယ်ဝရုံမျှဖြင့် မလုံလောက်ဘဲ အဆိုပါ အရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးချနိုင်ရန်အတွက် ကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရန်နှင့် တစ်ချိန်တည်းမှာပင် လူသားအရင်းအမြစ်များကို ခိုင်မာအားကောင်းသည့် အမျိုးသားရေးစိတ်ဓာတ်အားမာန်များ ပြည့်ဝလာစေရန်လည်း မွေးမြူပေးဖို့လိုမည်ဖြစ်သည်။

မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်ပြီး နိုင်ငံတည်ဆောက်ရေးအတွက်လည်း ပညာတတ်များစွာ လိုအပ်လျက်ရှိရာ ပညာရေးနှင့် ပတ်သက်၍ အားပေးဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲက အမြဲမပြတ် တိုက်တွန်းအားပေးလျက်ရှိသည်။

နိုင်ငံအတွက် လိုအပ်သော တန်ဖိုးမြင့်သည့် လူ့စွမ်းအားအရင်းအမြစ်များရရှိရန် ပညာရေးနှင့် ကျန်းမာရေးနယ်ပယ်တို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရန် လိုအပ်သကဲ့သို့ လူငယ်ထုအတွင်း ဗလငါးတန် ဖွံ့ဖြိုးရေးကိုလည်း ဘက်ပေါင်းစုံမှ စဉ်ဆက်မပြတ် ပြုလုပ်သွားရမည်လည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေတွင် လူငယ်ဦးရေအချိုးအစားက မြင့်မားနေခြင်းကြောင့် လူဦးရေဆုလာဘ် ရရှိသည်ဟုဆိုရာတွင် အဆိုပါလူငယ်များအား နိုင်ငံအကျိုးပြုသည့် စွမ်းအားစုများဖြစ်လာအောင် လေ့ကျင့်ပေးနိုင်ရန် လိုအပ်သလို နိုင်ငံတည်ဆောက်ရေးတွင် ထိထိရောက်ရောက် အသုံးပြုနိုင်ရန်လည်းလိုအပ်သည်။ အဆိုပါ လူဦးရေဆုလာဘ်ကို နှစ်ပေါင်းနှစ်ဆယ်အတွင်း အကျိုးရှိရှိ သုံးစွဲနိုင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

နိုင်ငံတော်က ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်လာစေရန်အတွက် သက်ဆိုင်ရာဌာနများအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လူငယ်များပညာတတ်ရုံမျှမက ကျန်းမာကြံ့ခိုင်သော၊ အကျင့်စာရိတ္တမြင့်မားသော၊ ပေါင်းသင်းဆက်ဆံမှု ကျယ်ပြန့်သော၊ စီးပွားရေး ကျွမ်းကျင်သော လူငယ်များဖြစ်လာအောင် စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မဟာရွှေသိမ်တော်ဘုရားတွင် ဘုရားဖူးပြည်သူများနှင့် စည်ကား



**ကျောက်ဆည် မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ဆုတောင်းပြည့် မဟာရွှေသိမ်တော် တန်ခိုးကြီးဘုရားတွင် တပေါင်းလပြည့်နေ့၌ ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးလာပြည်သူများနှင့် စည်ကားလျက်ရှိသည်။ **(ယာပုံ)**

ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားကြီးသည် ကျောက်ဆည်မြို့ မြောက်ဘက် ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေး သင်းတောင်းကျေးရွာအနီးတွင်တည်ရှိကာ နေ့စဉ်ဘုရားဖူးပြည်သူများနှင့် အမြဲစည်ကားလျက်ရှိပြီး စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ နေ့ကြီး၊ ရက်ကြီးများတွင်လည်း ပို၍စည်ကားကြောင်း၊ ဘုရားဖူးလာသည့်ပြည်သူများ စိတ်အေးချမ်းသာစွာဘုရားဖူးနိုင်ရေး ဂေါပကအဖွဲ့မှ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ကားများရပ်နားရန်အတွက် ယာဉ်ရပ်နားကွင်းများ သီးသန့်ဆောင်ရွက်ပေးထားပြီး အမှတ်တရပစ္စည်းရောင်းချသည့် ဈေးဆိုင်ခန်းများလည်း စနစ်တကျ ဆောင်ရွက်ပေးထားကြောင်းနှင့် ဘုရားဖူးပြည်သူများ၏ လိုအပ်သည့်အကူအညီများ ဖြည့်ဆည်းပေးနိုင်ရေး လုံခြုံရေးဝန်ထမ်းများ ထားရှိပေးထားကြောင်း ဆုတောင်းပြည့် ရွှေသိမ်တော်ဘုရားကြီး၏ ဂေါပကအဖွဲ့ဝင် ဦးချစ်ညွန့်က ပြောပြသည်။

ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားကို သက္ကရာဇ် (၃၉၅)ခုနှစ်တွင် ရှင်အရဟံ ရဟန္တာကိုယ်တိုင် သိမ်သမုတ်ပြီး အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်ကြောင်းနှင့် သစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းပါက တောင်းသည့်ဆုများ ပြည့်ဝသဖြင့် ဘုရားဖူးများ တစ်နေ့တခြား စည်ကားလာကြောင်း၊ မဟာရွှေသိမ်တော်ဘုရားကြီးသို့ ပြည်သူများ လာရောက်ဖူးမြော်လိုပါက အဆိုပါ ဘုရားကြီးသည် ကျောက်ဆည်မြို့ မြောက်ဘက် တစ်မိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းအနီး သင်းတောင်းကြီးကျေးရွာတွင် တည်ရှိကြောင်း သိရသည်။

(၄၈၅)

## ဖောင်းပြင်မြို့နယ်၊ ပိုးစာကုန်းကျေးရွာတွင် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပ



**ဖောင်းပြင် မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ပိုးစာကုန်းကျေးရွာတွင် နှစ်စဉ်ကျင်းပသည့် မဟာမုနိဗုဒ္ဓပူဇနိယဘုရားပွဲတော် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို မတ် ၁၁ ရက် မွန်းလွဲ ၂ နာရီက ဖွင့်လှစ်ယှဉ်ပြိုင်ကြသည်။

အုပ်စုပွဲစဉ်အဖြစ် ရောင်နီအသင်းနှင့် ဗိုလ်အောင်ဒင်အသင်း၊ စင်ရော်အသင်းနှင့် အောင်မင်းအသင်း၊ မိုးကြိုးမုန်တိုင်းအသင်းနှင့် ဂန္ဓဝင်အသင်းတို့ ယှဉ်ပြိုင်လှော်ခတ်ကြပြီး ပြိုင်ပွဲဝင် ၁၃ သင်းကို အုပ်စုလိုက်ယှဉ်ပြိုင်စေကာ မတ် ၂၃ ရက်တွင် ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်မည်ဖြစ်သည်။ **(ဝဲပုံ)**

ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုငွေကျပ် ၇ သိန်းနှင့် တတိယဆုငွေကျပ် ၅ သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း ပိုးစာကုန်းကျေးရွာ လှေလှော်အားကစားဖြစ်မြောက်ရေးကော်မတီမှ သိရသည်။ လှေလှော်ဖွင့်ပွဲသို့ တပ်နယ်မှတာဝန်ရှိသူများ၊ ဖောင်းပြင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဖွင့်ပွဲတွင် လှေလှော်အားကစားသမားများက နိုင်ငံတော်အလံအား အလေးပြု၍ အားကစားအဓိဋ္ဌာန် (၆) ချက်အား ရွတ်ဆိုကြသည်။

ဆက်လက်ပြီး ဖောင်းပြင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်ဦးကျော်က အမှာစကားပြောကြားကာ လှေလှော်ပြိုင်ပွဲကို စတင်ကျင်းပကြောင်း သိရသည်။

(၃၉၄)

## ပြည်ပပို့ကုန် ပဲအမျိုးအစားများဖြစ်သည့် ပဲစင်းငုံနှင့် မတ်ပဲ ဈေးနှုန်းတည်ငြိမ်နေ

**မန္တလေး မတ် ၁၃**

ပြည်ပပို့ကုန်ပဲအမျိုးအစားဖြစ်သည့် ပဲစင်းငုံနှင့်မတ်ပဲတို့မှာ ဖေဖော်ဝါရီလထဲတွင် ဈေးနှုန်းပြောင်းလဲမှုများရှိသော်လည်း ယခုလအတွင်း ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း ပဲကုန်သည်များထံက သိရသည်။

အိန္ဒိယနိုင်ငံမှ မတ်ပဲအား အခွန်ကင်းလွတ်ခွင့် သက်တမ်းထပ်မံတိုးမြှင့်လိုက်ခြင်း၊ ပဲစင်းငုံမှာလည်း အခွန်ကင်းလွတ်ခွင့်နှင့် တင်ပို့ခွင့်သက်တမ်းတိုးထားခြင်းကြောင့် ဈေးကွက်တည်ငြိမ်နေလာပြီး ဈေးနှုန်းမှာလည်း တည်ငြိမ်လျက်ရှိခြင်းဖြစ်သည်။

ပြည်ပပို့ကုန်ပဲများ ဈေးနှုန်းတည်ငြိမ်နေပြီး ပြည်တွင်းသုံးပဲအမျိုးအစားမှာ နယ်ပယ်ပေါင်းစုံဝင်ရောက်မှုများရှိလာခြင်းကြောင့် လှောင်လက်များက စောင့်ကြည့်ဝယ်ယူနေကြသဖြင့် ဈေးနှုန်းအားဖြင့် အနည်းငယ်အေးလာကြောင်း သိရသည်။

"မတ်ပဲနှင့် ပဲစင်းငုံက အဓိက အိန္ဒိယဈေးကွက်ကိုတင်ပို့နေတာဖြစ်ပါတယ်၊ သူတို့က အခုလိုဝယ်ယူမှုသေချာသွားတဲ့အတွက် သိုလှောင်သူတွေက ဝယ်ယူမှုသွက်လက်လာတယ်၊ ဒါကြောင့် စိုက်ပျိုးသူတွေအဆင်ပြေသလို ကုန်သည်တွေလည်းအဆင်ပြေကြပါတယ်"ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအတွင်း မတ်ပဲ၊ ပဲစင်းငုံတို့မှာ ရာသီဥတုကြောင့် ပိုးမွှားများ အနည်းငယ်ကျဆင်းမှုတို့ကြောင့် ထွက်နှုန်းအနည်းငယ် ထိခိုက်ခဲ့ကြောင်း၊ ထို့အတွက် ဈေးနှုန်းအားဖြင့် ယခင်လများထက် ပိုမိုဈေးကောင်းနိုင်ချေရှိကြောင်း ကုန်သည်များထံက သိရသည်။

မတ် ၁၃ရက်နေ့တွင် သုံးတင်းဝင်တစ်အိတ်လျှင် မတ်ပဲ(ညာ)ငွေကျပ် ၂၆၅၀၀၀-၂၈၀၀၀၀၊ မတ်ပဲ(ရေသွင်း) ငွေကျပ် ၂၅၀၀၀၀ ၊ ပဲစင်းငုံ (နီ)ငွေကျပ် ၂၇၇၀၀၀-၂၇၈၀၀၀ ပေါက်ဈေးရှိနေပြီး ပဲတီစိမ်း (အညာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀-၂၇၅၀၀၀ ရှိကြောင်း သိရသည်။

အသစ်ဝင်ပဲမလာလိုင်းများဖြစ်သော ပဲလွန်းဖြူ ပိဿာခြောက်ဆယ်ဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀-၂၄၀၀၀၀၊ ပဲလွန်း ပြာ ပိဿာခြောက်ဆယ်ဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀၊ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀-၂၇၅၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀-၃၂၀၀၀၀ အသီးသီးဈေးနှုန်းရှိကြောင်း မန္တလေးပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းထုတ်ပြန်သော ပဲမျိုးစုံဈေးနှုန်းများအရ သိရသည်။ **(မန္တလေးနေ့စဉ်-၈)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့ မဟာထူပါရုံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ပညောဘာသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကျောင်းထိုင်ဘုန်းတော်ကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ ကေသဝထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

⭘ ရှေ့ဖုံးမှ

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသည့် ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူကြမည့် ပြည်တွင်း၊ ပြည်ပဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ သာသနာ့ဂုဏ်ပြုဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုစတင်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက အခမ်းအနား အဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထား၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရမဟာထေရ်က သမ္မောဒနီယဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

## ဆက်ကပ်ပူဇော်

ဆက်လက်၍ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့ မဟာထူပါရုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ပညောဘာသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် သမိဒ္ဓေါဒယ ဖျာပုံသီလရှင်စာသင်တိုက်နာယက သီလရှင်ဆရာကြီး ဒေါက်တာ ဒေါ်စန္ဒသိင်္ဂီ ထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကျောင်းထိုင်ဘုန်းတော်ကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ ကေသဝထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

စာမျက်နှာ ၄ သို့ ⭘



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့ရရှိသူ ဦးကျော်ဇေယျအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့ရရှိသူ ဦးဘရန်မိုင်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။

✪ စာမျက်နှာ ၃ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျင်တိုက်သစ်ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကယောဆရာတော်ကြီးဘဒ္ဒန္တသီရိန္ဒာဘိဝံသထံလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခေမာသီဝံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တစန္ဒဝရာဘိဝံသထံလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်၍ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယဘွဲ့ရရှိသည့် ဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် သမိဒ္ဓေါဒယ ဖျာပုံ သီလရှင်စာသင်တိုက်နာယက သီလရှင်ဆရာကြီး ဒေါက်တာ ဒေါ်စန္ဒသီဂီ နှင့် စစ်ကိုင်းတိုင်းဒေသကြီး

စာမျက်နှာ ၅ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သီရိသုဓမ္မမဏိဇောတဓရဘွဲ့ရရှိသူ ဦးမြင့်စိုးထွန်းအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သီရိသုဓမ္မသီဂီဘွဲ့ရရှိသူ ဒေါ်ခင်အေးမြင့်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သီရိသုဓမ္မသီဂီဘွဲ့ရရှိသူ ဒေါ်ထွေးထွေးညွန့်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သီရိသုဓမ္မသီဂီဘွဲ့ရရှိသူ ဒေါ်မြင့်မြင့်ရီအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ဆရာတော်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဇဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်)ရွှေကျင်တိုက်သစ်ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

✪ စာမျက်နှာ ၄ မှ
စစ်ကိုင်းမြို့ ဇေယျသိင်္ဂီချောင် သီလရှင်စာသင်တိုက် နာယက သီလရှင်ဆရာကြီး ဒေါ်ဝိသိင်္ဂီတို့ထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။

ယင်းနောက် သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်များကို ချီးမြှင့်အပ်နှင်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိသူများဖြစ်ကြသည့် ဦးကျော်ဖေ၊ ဦးကျော်ဇေယျနှင့် ဦးဘရန်မိုင်တို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိသူ ဦးမြင့်စိုးထွန်းအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ဒေါ်သန်းသန်းနွယ်၊ ဒေါ်ခင်အေးမြင့်၊ ဒေါ်ထွေးထွေးညွန့်၊ ဒေါ်အေးမြင့်၊ ဒေါ်မြင့်မြင့်ရီတို့အား လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီးက သီရိသုဓမ္မသိင်္ဂီဘွဲ့ ရရှိကြသည့် ဒေါ်လှဝင်း၊ ဒေါ်မူမူစန်း၊ ဒေါ်ဝါဝါလှိုင်နှင့် ဒေါ်ချောစုမြတ်တို့အားလည်းကောင်း ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ပြည်တွင်း/ပြည်ပ ဆရာတော်၊ သံဃာတော် အပါး ၁၂၀၊ သီလရှင်ဆရာကြီး နှစ်ပါးနှင့် လူပုဂ္ဂိုလ် ၁၀ ဦးတို့ကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်ခဲ့ပြီး ယနေ့ကျင်းပသည့် ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားတွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ရှစ်ပါး၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ငါးပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး အပါး ၂၀၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၅၂ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စာမျက်နှာ ၆ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မရမ်းကုန်းမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဆရာတော် ဘဒ္ဒန္တကုမာရအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ချမ်းအေးသာစံမြို့နယ် ပတ္တမြားကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဇောတာဘိဝံသအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိသူ ဒေါ်လှဝင်းအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် သီရိသုဓမ္မသိင်္ဂီဘွဲ့ ရရှိသူ ဒေါ်ချောစုမြတ်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ချမ်းမြသာစည်မြို့နယ် အသောကာရာမတိုက် ကံသာကျောင်းဆရာတော် ဘဒ္ဒန္တပညာဝရအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အင်းစိန်မြို့နယ် အသောကာရုံ ရွှေကျင်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တနန္ဒသာရအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ Colombo 10, Maligakanda, Vidyodaya Pirivena, Venerable Dr. Akuretive Nanda Nayaka Thero (သျှမ်းနိကာယ)အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဟင်္သာတမြို့ မြစ်ကွေ့စာသင်တိုက် ဆရာတော် ဘဒ္ဒန္တစန္ဒသိရီ ဘိဝံသအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ လယ်ဝေးမြို့နယ် မြို့ဦးတိုက်သစ် သံလမ်းစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုဇနအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ အာစိဏ္ဏအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မုံရွာမြို့ မဟာဇောတိကာရာမ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာတိက္ခအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘီးလင်းမြို့ မြင်သာထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်း ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မရမ်းကုန်းမြို့နယ် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆရာတော် ဘဒ္ဒန္တစိန္တာဝရအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

✪ စာမျက်နှာ ၅ မှ

ဆရာတော်ကြီး ၂၅ ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၀ ပါးနှင့် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးနှစ်ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ခဲ့ပြီး သာသနာနုဂ္ဂဟဘွဲ့တံဆိပ် ရရှိကြသည့် လူပုဂ္ဂိုလ် ၁၃ ဦးတို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းခဲ့သည်။ ကျန်ရှိသည့် ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအားလည်း သက်ဆိုင်ရာ နေပြည်တော် ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အသီးသီး ဆက်ကပ် ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်ပြီး ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့် အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အလှူရှင်များက ၂၀၂၅ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပဆရာတော်၊ သံဃာတော်များနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများအား မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ သက်ဆိုင်ရာ မဏ္ဍပ်များမှ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၄၈ / ၂၀၂၅

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ မတ်လ ၁၃ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့**

**သူရဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီး | ရန်နောင်စိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူး | အောင်သူ | ကာကွယ်ရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**

**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီး | မျိုးဆွေလတ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူး | အောင်ဘိုဘို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူး | ပြည့်ဖြိုးကျော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်မှူး | ကျော်ဇေသူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်ကြီး | နိုင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဗိုလ်ကြီး | ရန်နိုင်စိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဗိုလ်ကြီး | ကျော်ဝေဖြိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဗိုလ်ကြီး | ဖွဲ့မောင်မောင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဗိုလ်ကြီး | အောင်မျိုးကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ၇၉၇၇၉၇ | တပ်ခွဲတပ်ကြပ်ကြီး စန်းမြင့် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | တ-၂၄၄၆၄၉ | တပ်ကြပ်ကြီး မျိုးကျော်နိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | တ-၃၃၁၁၇၇ | တပ်ကြပ်ကြီး အုန်းခိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | တ-၃၅၁၀၆၀ | တပ်ကြပ် အောင်ဖြိုးဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | တတ-၁၃၅၄၀၃ | တပ်ကြပ် တိုးတက်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | တ-၅၂၆၄၇၄ | ဒုတိယတပ်ကြပ် မင်းမောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | ပစ-၁၀၀၃၂၆ | ဒုတိယတပ်ကြပ် သန့်ဇင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်**

**ရဲဗလတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | မ-၄၂၀၇ | တပ်ကြပ်ကြီး/သားဖွား ဒေါ်နှင်းနွယ်ရီ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | တ-၅၂၂၃၂၈ | တပ်သား နေလင်းထွန်း(ငြိမ်း) | |
| ၃။ | ဒေါ်ဇင်မာထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဒေါ်ဆုမြတ်မိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | မောင်ထက်ရှိန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | မောင်ထက်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | မောင်ကျော်အေးချမ်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | မောင်ကျော်သိန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဒေါ်သီတာစိုးသန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | မောင်ပြည့်စုံအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဒေါ်အေးအေးခိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | မောင်သန်းဇော်ထိုက်(ခ) မောင်ဇော်ဝင်းမောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါ်သန်းသန်းဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | မောင်စိုင်းဝင်းဇော် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ဦးနေလင်းထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | မောင်သက်မင်းနိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဒေါ်မာမာလွင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | မောင်ဟိန်းထက်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ဒေါ်ခင်သန်းထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | ဒေါ်လှဲ့လှဲ့ဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ဒေါ်သိန်းကြည် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ | မောင်ဖြိုးငွေစိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | ဒေါ်သန်းသန်းငြိမ်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | ဒေါ်လှလှအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | ဒေါ်မို့မို့ဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ | မောင်ဝင်းမြတ်သူ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၇။ | မောင်ဖိုးလပြည့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၈။ | မောင်ရန်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၉။ | မောင်ကျော်အေးထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၀။ | ဒေါ်ငွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၁။ | မောင်ချစ်ရင်ထူး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၂။ | ဒေါ်စန်းစန်းငွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၃။ | ဒေါ်ငြိမ်းငြိမ်းအိ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၄။ | ဒေါ်ဆင့်ဆင့်လင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၅။ | ဒေါ်မိုးသူဇာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၆။ | မောင်လင်းမြတ်သော် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၇။ | ဒေါ်မာမာလွင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၈။ | မောင်ရန်နိုင်ထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၉။ | မောင်အောင်သက်ပိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၀။ | ဒေါ်ခြူးအိလွင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၁။ | ဒေါ်သက်သက်ဆွေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၂။ | ဒေါ်အိသဥ္ဇာမွန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၃။ | ဒေါ်မြတ်မိုးခိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၄။ | ဒေါ်ခင်အေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၅။ | မောင်လပြည့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၆။ | ဒေါ်ခင်သက်မာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၇။ | ဒေါ်ဇာဇာထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၈။ | ဒေါ်အေးသူဇာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၉။ | ဦးအောင်ကိုဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၀။ | ဦးလှိုင်ဝင်းထက် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၁။ | ဦးနေလင်းထူး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၂။ | ဦးကျော်စောဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၃။ | ဦးဇင်မင်းသန့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၄။ | ဦးခိုင်မြင့်သူ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၅။ | ဦးအဲကျော် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၆။ | ဦးဟိန်းကိုစံ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၇။ | ဦးသောင်းထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၈။ | ဦးအောင်ကြည်သန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၉။ | ဦးမြင့်ထွေး | | မကွေးတိုင်းဒေသကြီး |
| ၆၀။ | ဦးဝင်းမင်းနိုင် | | မကွေးတိုင်းဒေသကြီး |
| ၆၁။ | ဦးအောင်အောင်ဦး | | ရှမ်းပြည်နယ် |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ**

**စီမံထူးချွန်တံဆိပ် (ပထမဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးချုပ် | သိန်းထွန်းတင် | ကာကွယ်ရေးဝန်ကြီးဌာန |

**စီမံထူးချွန်တံဆိပ် (တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးချုပ် | နေမျိုးထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်ကြီး | လှိုင်မျိုးချစ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်ကြီး | လူမော်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဦးသီဟ | | ကာကွယ်ရေးဝန်ကြီးဌာန |

**ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များ**

**နည်းပညာထူးချွန်တံဆိပ်(ပထမဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးချုပ် | ငွေအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးချုပ် | မြတ်မင်းဦး | ကာကွယ်ရေးဝန်ကြီးဌာန |

**နည်းပညာထူးချွန်တံဆိပ်(တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီး | သိန်းလွင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဒုတိယဗိုလ်မှူးကြီး | အောင်နိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဒုတိယဗိုလ်မှူးကြီး | ကျော်လင်းထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်မှူး | ဝင်းကိုကိုနိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်ကြီး | အောင်ကြည်မင်း | ကာကွယ်ရေးဝန်ကြီးဌာန |

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိသည့် ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ သာသနာပြုလူပုဂ္ဂိုလ်နှင့် သာသနာနုဂ္ဂဟလူပုဂ္ဂိုလ်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးတွင် ကျင်းပ

**မန္တလေး မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိသည့် ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ သာသနာပြုလူပုဂ္ဂိုလ်နှင့် သာသနာနုဂ္ဂဟလူပုဂ္ဂိုလ်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ မဟာဓမ္မိကာရာမတိုက် ရတနာဘုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသီဟနာဒအမှူးပြု၍ ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် အနုပညာဦးစီးဌာနမှ တေးသံရှင်များက ဗုဒ္ဓရောင်ခြည်တော်ဖွင့် ထူးမခြားနားသီချင်းဖြင့် ပူဇော်ကြသည်။

၎င်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ မဟာဓမ္မိကာရာမတိုက် ရတနာဘုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသီဟနာဒထံမှ တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထား၍ ဂုဏဝိသိဋ္ဌမင်္ဂလာ၊ ဧကပိုဒ်ရတုကို အနုပညာဦးစီးဌာနအဖွဲ့မှ တေးသံရှင်တစ်ဦးက ဂုဏ်ပြုဖတ်ကြားပူဇော်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး

စာမျက်နှာ ၉ သို့ ❖































❖ စာမျက်နှာ ၈ မှ

တို့က ဆရာတော်ကြီးများထံ ရှုဖွယ်ပစ္စည်းများနှင့်နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိသည့် ဆရာတော်ကြီး ၃၅ ပါး၊ သီလရှင်ဆရာကြီး ၃ ပါးတို့အား ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခြင်းနှင့်သာသနာ့နဂ္ဂဟ လူပုဂ္ဂိုလ်နှင့် သာသနာပြုဘွဲ့ရလူပုဂ္ဂိုလ် ၁၀ ဦးတို့အား ဘွဲ့တံဆိပ်အဆောင်အယောင်များ ချီးမြှင့်ခြင်းများကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက မန္တလေးတိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေပြီးနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ပထမပိုင်းအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

၎င်းနောက် ဒုတိယပိုင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများနှင့် အလှူရှင်များက ဘုရားအမှူးပြုသော ပင့်သံဃာတော်ဆရာတော်ကြီးများ၊ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းများနှင့်နဝကမ္မဝတ္ထုငွေများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရား ဒသမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျင်းပ

**မန္တလေး မတ် ၁၃**

အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရား၏ ဒသမ အကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဆုတောင်းပြည့်မြတ်စွာဘုရား ရင်ပြင်တော်တွင် ကျင်းပရာ မန္တလေးတောင်တော်ဂေါပကအဖွဲ့ သြဝါဒါစရိယ၊ ချမ်းအေးသာစံ မြို့နယ်၊ မိုးကောင်းကျောင်းတိုက် ဒိုက်ဦးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကာဘိဝံသ အမှူးပြုပြီး ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တောင်တော်ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးတောင်တော် ဆုတောင်းပြည့် မြတ်စွာဘုရားကို ဖူးမြော်ကြည်ညိုပြီးနောက် ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းများ ဆက်ကပ်ခဲ့ကြသည်။

၎င်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများက နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် မန္တလေးတောင်တော်ဂေါပကအဖွဲ့ သြဝါဒါစရိယ၊ မိုးကောင်းကျောင်းတိုက်၊ ဒိုက်ဦးကျောင်းဆရာတော်ထံက ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ မိုးကောင်းကျောင်းတိုက် ဒိုက်ဦးကျောင်းဆရာတော်ထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများကို လည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်များနှင့် သံဃာတော်များထံ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီးနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားနာယူကာ ရေစက်သွန်းလောင်းအမျှပေးဝေ၍ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ ပထမပိုင်းအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

၎င်းနောက် ဒုတိယပိုင်း ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ရင်ပြင်တော်တွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့်အလှူရှင်များက ဘုရားအမှူးပြုပြီး ဆရာတော်၊ သံဃာတော် ၅၄ ပါးအား ဆွမ်းဆန်စိမ်းများနှင့် နဝကမ္မဝတ္ထု ငွေများ လောင်းလှူခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**















# တပေါင်းလပြည့်နေ့ ဘုရားစေတီများနှင့် ရတနာပုံဥယျာဉ်တို့တွင် ကုသိုလ်ပြု အပန်းဖြေသူများနှင့် စည်ကား









**မန္တလေး မတ် ၁၃**

တပေါင်းလပြည့်နေ့တွင် မန္တလေးမြို့၏ အထင်ကရသမိုင်းဝင် ဘုရားစေတီများနှင့် ရတနာပုံဥယျာဉ်တို့တွင် ကုသိုလ်ပြုအပန်းဖြေသူများနှင့် စည်ကားလျက်ရှိသည်။

တပေါင်းလပြည့်နေ့နှင့် ရုံးများပိတ်ရက်ဖြစ်တာကြောင့် ဘုရားစေတီများ၌ ကုသိုလ်ပြုသူများဖြင့် နံနက်ပိုင်းနှင့် ညနေပိုင်းများတွင် ကြိတ်ကြိတ်တိုးစည်ကားနေသလို နွေကျောင်းပိတ်ချိန်ဖြစ်တာကြောင့်လည်း မန္တလေးတောင်ဘိုးဘိုးကြီးနတ်နန်းတွင် ရှင်ပြု၊ ရဟန်းခံ အလှူတော် နတ်ပြ အလှူအလှည့်များ စည်ကားလျက်ရှိသည်။

ထို့ပြင် ရတနာပုံဥယျာဉ်အတွင်း၌လည်း ညနေ ၄နာရီကျော်နောက်ပိုင်း ကားရပ်နားစရာ နေရာပင်ပြည့်လျှံပြီး ၆၆လမ်းမကြီးပေါ်အထိ ကားများရပ်နားကာ ရတနာပုံဥယျာဉ်အတွင်း အပန်းဖြေသူများ၊ ကလေးများစက်ဘီးစီးကြသူများ၊ မိသားစုအလိုက် အပန်းဖြေလာကြသူများ၊ ရပ်ဝေးရပ်နီးမှ လာရောက်လည်ပတ်ကြသည့် ဧည့်သည်များ၊ နွေရာသီကျောင်းပိတ်ရက်ဖြစ်တာကြောင့်လည်း အပန်းဖြေအနားလာယူသူများဖြင့် ပိုမိုများပြားစည်ကားလျက်ရှိသည်။

မန္တလေးမြို့ သမိုင်းဝင် ကုသိုလ်တော်ဘုရားဝင်းနှင့် စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရား၊ မန္တလေးတောင်တော်တို့မှာ တပေါင်းလပြည့်နေ့၏ သာယာအေးချမ်းလှသည့် ရာသီဥတုနှင့် အေးချမ်းသာယာလှပခြုံ့စွာဖြင့် ကုသိုလ်ပြုသူများပြားနေသည်မှာ မန္တလေးမြို့၏ အစဉ်အမြဲ မြင်တွေ့နေကျ မြင်ကွင်းများဖြစ်သည်။

ထို့ပြင် သမိုင်းဝင်ဘုရားများဖြစ်သည့် အောင်တော်မူဘုရား၊ ရွှေကျီးမြင်ဘုရား၊ အိမ်တော်ရာဘုရားဝင်းများတွင်လည်း ယနေ့လပြည့်နေ့ နံနက်ပိုင်းနှင့် ညနေပိုင်းများတွင် အထူးစည်ကားနေသလို ၂၆လမ်း၊ ၆၇လမ်းနှင့် ၆၈လမ်းကြားတွင် စာအုပ်ဈေးရောင်းပွဲတော်မှာလည်း စည်ကားလျက်ရှိသည်။ တောင်သမန် ဦးပိန်တံတားတွင်လည်း စည်ကားလှသည်။

ယခုရက်ပိုင်း နေ့အပူချိန် လျော့ကျနေတာကြောင့်လည်း သာယာအေးမြလှသည့် ရာသီဥတုနှင့်အတူ မြို့နေပြည်သူများအပြင် ရပ်နီးရပ်ဝေးမှ လာရောက်ကြသည့် ဧည့်သည်များသည် စားသောက်ဆိုင်များတွင် မိသားစုအလိုက် အနားယူအပန်းဖြေသူများ ပိုမိုများပြားနေသည်။



တပေါင်းလသည် မြန်မာလများတွင် (၁၂)လမြောက်လ၊ တစ်နှစ်တာ၏ နောက်ဆုံးလဖြစ်သည်။ တပေါင်းလ၏ ပထမလဝက်သည် ဆောင်းရာသီတွင် ကျရောက်သည်။ ဒုတိယလဝက်က နွေရာသီတွင် ကျရောက်သည်။ ဆောင်းကူးနွေစ သာယာလှသောလရာသီဖြစ်သည်။ ထို့ကြောင့် ခေတ်အဆက်ဆက် စာဆိုတို့သည် တပေါင်းလ၏ အလှကို ရေးဖွဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀





# သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ (၂၅)နှစ်ပြည့် ငွေရတုသဘင်နှင့် (၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ





နေပြည်တော် မတ် ၁၃

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ (၂၅)နှစ်ပြည့် ငွေရတုသဘင် အခမ်းအနားကို ယမန်နေ့ညပိုင်းတွင် စစ်ကိုင်းတောင်ရိုးရှိ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သီတဂူသံဃသန္နိပါတကျောင်းဆောင် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူအဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအမှူးပြုသော သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အသီးသီးမှ ပါမောက္ခ/ ကထိက ဆရာတော်များ၊ ကျောင်းထိုင်/ကျောင်းပိုင် ဆရာတော်၊ ဆရာကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ဦးစွာ နမောတဿ မဟာပဏာမ သုံးကြိမ်ရွတ်ဆိုဘုရားရှိခိုး၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်နှင့် ဓမ္မဒူတဆေကိန္ဒာရာမတက္ကသိုလ်၏ ပါမောက္ခချုပ်၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ဆေကိန္ဒ၊ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စ်ဖို့ဒ်ဆရာတော် ပါမောက္ခ ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသာမိ၊ သီတဂူဗုဒ္ဓတက္ကသိုလ်အသီးသီးမှ ကျောင်းအုပ်ဆရာတော်များ၊ အခြားသီလရှင်ဗုဒ္ဓတက္ကသိုလ်များမှ သီလရှင်ဆရာကြီးများက သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ ငွေရတု သဘင်အခမ်းအနားသို့ တက်ရောက်လာကြသည့် ဘွဲ့ခံ ကျောင်းသား ကျောင်းသူများကို ပညာရေးဆိုင်ရာ အသိပညာ ဗဟုသုတများ မျှဝေပို့ချကြသည်။

ဆက်လက်၍ သီတဂူ ကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု သီတဂူ အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက နိဂုံးချုပ် ဆုံးမဩဝါဒမိန့်ကြားပြီး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ (၂၅) နှစ်ပြည့် ငွေရတုသဘင်အခမ်းအနားကို သီတဂူအဓိဋ္ဌာန် ရွတ်ဆို၍ ရုပ်သိမ်းခဲ့သည်။

ထို့ပြင် သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်၏ (၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတောင်ရိုးရှိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သီတဂူသံဃသန္နိပါတကျောင်းဆောင် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင် နိကာယသာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူ အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် တက္ကသိုလ် ပညာရေးအဖွဲ့ဝင် ဆရာတော်များ၊ စစ်ကိုင်းတိုင်း ဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကျော်၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် ဘွဲ့ခံကျောင်းသား ကျောင်းသူများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယသာသနာပိုင် အဘိဓဇ မဟာရဋ္ဌဂုရု သီတဂူအဓိပတိ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအမှူးပြုသော သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အသီးသီးမှ ပါမောက္ခ/ကထိက ဆရာတော်များ၊ ကျောင်းထိုင်/ ကျောင်းပိုင် ဆရာတော်၊ ဆရာကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များက နမောတဿ မဟာပဏာမ သုံးကြိမ်ရွတ်ဆိုဘုရားရှိခိုး၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ သီတဂူအဓိပတိ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက အဖွင့်ဩဝါဒကထာ မိန့်ကြားသည်။ ဆက်လက်၍ သီတဂူ ကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်များ၏ ပါမောက္ခချုပ် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပါမောက္ခချုပ် ဆရာတော်ကြီး၏ ဩဝါဒကထာကို လက်ထောက်ပါမောက္ခချုပ် ဆရာတော်က ဖတ်ကြားသည်။ ယင်းနောက် ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိခံဝန်မှုပြုခြင်းကို ဆောင်ရွက်ကြသည်။

ယင်းနောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူ အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက ဗုဒ္ဓဒေသနာ ပါရဂူ (Ph.D) ဘွဲ့ရရှိသူနှစ်ဦး၊ ဗုဒ္ဓဒေသနာ မဟာဝိဇ္ဇာ (MA) ဘွဲ့ရရှိသူ ၈၆ ဦးနှင့် ဗုဒ္ဓဒေသနာ ဝိဇ္ဇာ (BA) ဘွဲ့ရရှိသူ ၂၅၉ ဦး စုစုပေါင်း ၃၄၇ ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

ဆက်လက်၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူအဓိပတိ ဆရာတော်က ဘွဲ့ရရှိသူများအား ဘွဲ့များနှင့် လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့် ဘွဲ့တံဆိပ်များကိုသုံးစွဲခွင့်ပြုခဲ့ပြီး သီတဂူကျောင်းသား ကျောင်းသူများ ထားရှိရမည့် ခံယူချက် ၁၅ ချက်ကို သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပညာရေးအဖွဲ့ဝင် ဒေါက်တာ ဘဒ္ဒန္တ တိက္ခသာရက ဦးဆောင်၍ ဘွဲ့ရကျောင်းသား ကျောင်းသူများက သံပြိုင်ရွတ်ဆိုကြသည်။ ထို့နောက် အဝေးရောက်ဘွဲ့အပ်နှင်းခြင်းကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သီတဂူ အဓိပတိဆရာတော်နှင့် ပါမောက္ခချုပ်ဆရာတော်တို့က ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူ အဓိပတိ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက ဘွဲ့နှင်းသဘင်မိန့်ခွန်း ပြောကြားပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ ပါမောက္ခ/ကထိက ဆရာတော်များ၊ ဘွဲ့ရ ကျောင်းသား ကျောင်းသူများနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက သီတဂူအဓိဋ္ဌာန်ကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် မတ်တတ်ရပ်ရွတ်ဆို၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တောင်ကြီးမြို့၌ (၇၆)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ ကျင်းပ



တောင်ကြီး မတ် ၁၃

(၇၆)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ကန်ကြီးရပ်ကွက် ပအိုဝ်းအမျိုးသားဘက်စုံဖွံ့ဖြိုးရေးကွင်း၌ ကျင်းပသည်။

ဦးစွာ (၇၆)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ဝင်းကိုနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပအိုဝ်းအမျိုးသားအလံတော်လွှတ်တင်၍ အလေးပြုခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအလံတော်ကို အလေးပြုခြင်း၊ ကျဆုံးလေပြီးသောအာဇာနည်ခေါင်းဆောင်များအား အလေးပြုကြ၍ ပအိုဝ်းအမျိုးသားသီချင်း သီဆိုကြသည်။

ယင်းနောက်သဘာပတိကြီး ဦးခွန်ဗီတာထွန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ပအိုဝ်းတိုင်းရင်းသားတို့၏ လေးစားဂုဏ်ယူဖွယ်ရာဖြစ်သော နေ့အထွက်၊ လအဝင် နေမင်း၊ လမင်းဆုံစည်းရာ တပေါင်းလပြည့်နေ့တွင်မွေးဖွားခဲ့သော သူရိယစန္ဒာမင်းသည် ပအိုဝ်းလူမျိုးတို့အတွက် တောက်ပသော ခေတ်ကာလကို ဖန်တီးပေးခဲ့သဖြင့် ထိုကျေးဇူးတရားကို အောက်မေ့တမ်းတသတိရခြင်းအားဖြင့် သူရိယစန္ဒာမင်း၏ မွေးနေ့ဖြစ်သော တပေါင်းလပြည့်နေ့ကို ပအိုဝ်းအမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ကြပြီး နှစ်စဉ်တပေါင်းလပြည့်နေ့ကို ပအိုဝ်းအမျိုးသားနေ့အဖြစ်ကျင်းပခဲ့ရာ ယခုဆိုလျှင် (၇၆)ကြိမ်မြောက်ရှိပြီဟု သိရကြောင်း၊ ပအိုဝ်းတိုင်းရင်းသားများအနေဖြင့် မိမိတို့လူမျိုး၏ ရိုးရာယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးတမ်းများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်သွားရန်၊ တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း အပြန်အလှန် နားလည်မှု၊ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကြိုးပမ်းတည်ဆောက်ကြရန်နှင့် (၇၆) ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်က အမှာစကားပြောကြား၍ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)မှ ပေးပို့သောသဝဏ်လွှာကို ဦးခွန်မြင့်ကျော်နှင့် ပအိုဝ်းအမျိုးသားခေါင်းဆောင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)နာယက ဦးအောင်ခမ်းထီထံမှ ပေးပို့သော သဝဏ်လွှာကို ဦးခွန်တင်ထွဋ်တို့က ဖတ်ကြားသည်။ ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် သိန်း ၁၀၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်က ငွေကျပ်သိန်း ၂၀ တို့ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တိုင်းမှူးဗိုလ်ချုပ်ဇော်မင်းလတ်တို့က ပေးအပ်ရာ ပွဲတော်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဖြားခွန်ဝင်းကိုက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ပအိုဝ်းအမျိုးသားနေ့ ကြွေးကြော်သံများ သံပြိုင်ရွတ်ဆိုခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု ဆောင်ရွက်နေသူများအား ဖော်ထုတ်ဖမ်းဆီးရမိ၊ လိုအပ်သည့်စစ်ဆေးဖော်ထုတ်မှုများ ဆောင်ရွက်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်သွားမည်

နေပြည်တော် မတ် ၁၃

နိုင်ငံတော် အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်း လုပ်ကိုင်မှုများကို နိုင်ငံတကာနှင့်ပူးပေါင်း၍ ဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွစွာ ဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် မိမိတို့ဒေသများအတွင်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများအပါအဝင် အခြား ဒုစရိုက်လုပ်ငန်းများ မရှိစေရေး ဖော်ထုတ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့များက တင်းတင်းကျပ်ကျပ် စိစစ်ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ရှာဖွေဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် အတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း သတင်းအရ လုံခြုံရေးပူးပေါင်းအဖွဲ့များက မတ် ၁၂ ရက်တွင် အဆိုပါမြို့နယ်ရှိ နားဟုတ်ကျေးရွာအုပ်စုအတွင်း ရှာဖွေဖော်ထုတ်စစ်ဆေးခဲ့ရာ တရားမဝင် အွန်လိုင်းလောင်းကစားနှင့်

စာမျက်နှာ ၁၄ သို့

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေး လိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် နေရာပြပုံ။










## ဖမ်းဆီးရမိ

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် နားဟုတ်ကျေးရွာအုပ်စုအတွင်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် တရားမဝင် ပြည်ပနိုင်ငံသားများအား ဖမ်းဆီးရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိ မြန်မာနိုင်ငံသား၏ မှတ်တမ်းဓာတ်ပုံ။







တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် Star Link နှင့် မိုဘိုင်းဖုန်းမျိုးစုံ၏ မှတ်တမ်းဓာတ်ပုံ။





ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် နားဟုတ်ကျေးရွာအုပ်စုအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများ လုပ်ဆောင်ခဲ့သည့်အဆောက်အအုံများအား မဖျက်ဆီးမီ တွေ့ရစဉ်။

❂ စာမျက်နှာ ၁၃ မှ

ငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ဆောင်နေသည့် တရားမဝင် ပြည်ပနိုင်ငံသား ၁၆၅ ဦး၊ မြန်မာနိုင်ငံသားတစ်ဦးတို့အား အလျား ပေ၂၀၀၊ အနံ ပေ ၆၀ ရှိ သွပ်မိုးခန်းမတစ်လုံး၊ ခုနစ်ခန်းတွဲ ယာယီ လူနေအဆောက်အအုံငါးလုံး၊ လုပ်ငန်းသုံးပရိဘောဂ ပစ္စည်းများ၊ Star Link နှစ်စုံ၊ ဖုန်းမျိုးစုံ အလုံး ၃၀၊ All in One ကွန်ပျူတာငါးလုံးတို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်တွင် ဖမ်းဆီးရမိသူများအား စနစ်တကျစိစစ်ဆောင်ရွက်လျက်ရှိပြီး ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရန်နှင့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော် အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်လည်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများအား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် နားဟုတ်ကျေးရွာအုပ်စုအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ဆောင်ခဲ့သည့်အဆောက်အအုံများကို မဖျက်ဆီးမီတွေ့ရစဉ်။





















ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် နားဟုတ်ကျေးရွာအုပ်စုအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများလုပ်ဆောင်ခဲ့သည့်အဆောက်အအုံများကို စက်ယန္တရားများဖြင့် ဖျက်ဆီးပြီးသည့် မှတ်တမ်းဓာတ်ပုံ။



## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ

**ဟိုပုံး မတ် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ လူငယ်လူရွယ်များအား အတတ်ပညာသာမက အသိပညာဗဟုသုတများရှာမှီးနိုင်ရန်၊ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ စာဖတ်သည့်ဓလေ့၊ စာကြည့်တိုက်များသို့ သွားလာအသုံးချနိုင်မည့် အလေ့အကျင့်များ ဖြစ်လာစေရန်၊ ပညာဗဟုသုတပြည့်ဝ၍ အနာဂတ်တွင် နိုင်ငံတော်အတွက် ဦးဆောင်ဦးရွက်ပြုသူများ ဖြစ်စေရန် ရည်ရွယ်၍ အထွေထွေဗဟုသုတ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို မတ် ၁၃ ရက် မွန်းလွဲ ၂နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးမှ ဦးစီးအရာရှိ ဒေါ်နန်းခမ်းခြုံးက နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးမြင့်မားစေရန်အတွက် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိမှတ်ဖွယ်ရာဗဟုသုတအဖြာဖြာ စာအုပ်ပါ အထွေထွေဗဟုသုတမေးခွန်းများကို ဝင်ရောက်ဖြေဆိုကြပြီး ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက အမှတ်တရလက်ဆောင် ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၃၆၈)

## နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်း(အခမဲ့)ဖွင့်လှစ်

**မကွေး မတ် ၁၃**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီအခြေခံ ပန်းချီရေးဆွဲနည်း သင်တန်း(အခမဲ့) ဖွင့်လှစ်ခြင်းကို မတ် ၁၁ ရက် နံနက် ၉ နာရီခွဲကမကွေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ သင်တန်းကို မကွေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပန်းချီပညာရှင်များပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ၏နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အခြေခံပညာရပ်များ ဆည်းပူးလေ့လာနိုင်စေရန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတွင် ပန်းချီပညာရပ်များလည်း ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်လှစ်ပေးကြောင်း သိရပြီး သင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ကိုဝင်းက အဖွင့်အမှာစကားအဖြစ် သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကိုပြောကြားပြီး မကွေးမြို့ ပန်းချီပညာရှင် ဦးသူရှိန်မြိုင်က ပန်းချီပညာရပ်သင်ယူခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများနှင့် သင်ကြားမည့် ပန်းချီသင်ခန်းစာများနှင့်ပတ်သက်၍ အခြေခံပန်းချီရေးဆွဲနည်း၊ ဆေးရောင်ခြယ် ရေးဆွဲနည်းများ အစရှိသည်တို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



အဆိုပါအခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ကျောင်းသား၊ ကျောင်းသူ ၄၅ ဦး တက်ရောက်၍ သင်တန်းကာလ မတ် ၁၀ရက်မှ မတ် ၂၈ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)


ဝင်းအိမွန်(ပြန်/ဆက်)

## ကုန်ထုတ်လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မိုင်းရယ် မတ် ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နားဟီးကျေးရွာကုန်ထုတ်လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများ မတ် ၉ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများနှင့် ကုမ္ပဏီမှတာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ နားဟီးကျေးရွာ၌ ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။



မိုင်းကောင်အုပ်စု၊ နားဟီးကျေးရွာ၌ (မြေ+သဲပြုန်း)အမျိုးအစား လမ်းအရှည် ၁ မိုင် ၂ ဖာလုံ အကျယ် ၁၂ ပေ အမြင့် ၉ လက်မ ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၃ ဒသမ ၅ သန်းဖြင့် အောင်ကြီးစိုးကုမ္ပဏီက ၂၀၂၄ ခုနှစ် ဇူလိုင်လ တတိယပတ်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

ပတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## မန္တလေးမြို့တော်နှင့် ကမ္ဘာ့အမွေအနှစ်များ

* လျှမ်းမချို့ပါသနော်
နန်းမြို့တော်အနောက်တံခါးက
"စည်ရှည်"မည်အုတ်တံတားနှင့်
ခန့်ညားလှသည့် မန်းနေပြည်။
* အသရေတန့်နန်းပျော်
ရေကျုံးတော်သတ္တဌာနပဟု
မြတ်လှသည့် မဟာဘုံမဟီ
ရတနာပုံပြည်စည်တော်များ
(ဘုရားဒကာရေ .....)
ခင်ဗျားတို့ ကျုပ်တို့ရဲ့
"မန္တလာမြို့ကြီး"က ဝတီပြည်အလား။
* မြို့တံခါးတော် "ဆယ့်နှစ်ရပ်"
နန်းပြာသာဒ်က "လေးဆယ့်ရှစ်"
"အုတ်,ကျစ်,ကျော်,အေး မန္တလေး"
"အောင်,ကျော်,ချမ်း,အေး မန္တလေး
အင်,ကြင်း,ကြာ,အုံ ရတနာပုံ"
သမ္မာစုံ၍ တင့်တင့်တယ်တယ်
(ကျုပ်တို့မန္တလေးက .....)
မဟာဂုဏ်နဲ့ ဝင့်ဝင့်ထည်ထည်။
* ဘာသာတရားနှင့် ယဉ်ကျေးမှု
အစဉ်တွေးရှု၍ တိုးမြင့်လာ
အမျိုးမြင့်ကာ မြန်မာဂုဏ်ဆောင်ပြီး
ကမ္ဘာတန်အောင် ရှေးအမွေအနှစ်တွေနှင့်
တွေးရေစစ်ကာ အစဉ်မြတ်နိုး၍
"ဗိသုကာ"၊ "ကျောက်စာများ"နှင့် "ပြည်ပုဂံ"
"နွေသကြံန်"တို့ကို ကမ္ဘာကသိပြီပဲ
နောင်လာမည့် ကမ္ဘာ့အမွေအနှစ်ဒြပ်များကို
မရပ်မနား မတိမ်းစေရအောင်
(ဘုရားအမရေ .....)
"သနပ်ခါး"လိမ်းရင်း ကြိုးစားကြပါစို့။ ။

**မောင်မြဝေ(ယောမင်းကြီး)**







အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်စဉ်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၄၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၇၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို ထိထိရောက်ရောက်ပြတ်ပြတ်သားသား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၄၅၀ ကို ယနေ့တွင် မြန်မာ - ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက် အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့- မင်းလက်ပံနှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ဗီယက်နမ်နိုင်ငံသား ၂၄၄ ဦးနှင့် အိန္ဒိယနိုင်ငံသား ၂၆ ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၂၇၀ ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၆၀၁၅ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၃၂၁၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၀၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက် ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**သာစည် မတ် ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မတ် ၈ ရက် ညနေ ၅ နာရီက သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် တောင်ကြီးမြို့ဘက်မှ မန္တလေးမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ် တွင်လိုက်ပါလာသော ခရီး သည် မနန်းရီဆိုသူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မနန်းရီ (၆၀)နှစ်ဆိုသူအား သာစည်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## ကျိုင်းတုံမြို့နယ်တွင် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ယမန်နေ့ ညနေ ၅ နာရီက ကျိုင်းတုံမြို့နယ်၊ ကျိုင်းဖောင်းကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေနေစဉ် ကျလောဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ခွကြားတွင် သယ်ဆောင်လာသော ခရီးဆောင်အိတ်အတွင်းမှ ဘိန်းစိမ်း အလေးချိန် ၂၇ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျလော (၁၉)နှစ်ဆိုသူအား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

**အသက်သည်သွေး၊ သွေးသည်အသက်။**

## မြောင်မြို့နယ် ပန်းညိုရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးနေကြောင်း မဟုတ်မမှန် ရေးသားထုတ်လွှင့်လျက်ရှိ

နေပြည်တော် မတ် ၁၃

စစ်ကိုင်း တိုင်းဒေသကြီး မြောင်မြို့နယ် ပန်းညိုရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၁၂ ရက် ညနေပိုင်းမှစတင်ပြီး ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးနေကြောင်း ပြည်ဖျက်မီဒီယာများက သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်ပြီး လုံခြုံရေးတာဝန်ရှိသူများအား မေးမြန်းစုံစမ်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက မြောင်မြို့နယ်အတွင်း ကျေးရွာများ၌ မီးရှို့ဖျက်ဆီးခြင်း မရှိကြောင်းနှင့် အကြမ်းဖက်သမားများကသာ ငါနဲ့မတူငါ့ရန်သူ သဘောထားကာ ၎င်းတို့အား မထောက်ခံသော ရပ်ကျေးရွာလူ ပြည်သူများအား လက်နက်အားကိုးဖြင့် အကြောင်းမဲ့ပစ်ခတ် သတ်ဖြတ်ခြင်း၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ ရမ်းသန်းပစ်ခတ်ခြင်းများ ဆောင်ရွက်နေကြသည်မှာ ပြည်သူများ အသိပင်ဖြစ်သည်။

အဆိုပါ သတင်းမှားများနှင့် ပတ်သက်၍ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင် လွဲမှားစေရန်အတွက် နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့သည့်မြို့ရွာများတွင် လုံခြုံရေးတပ်ဖွဲ့များက မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီး ပစ်ခတ်မှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးခြင်း စသည့် တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတုသတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆော်ဝါဒဖြန့်နေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မွေးမေမေသို့ အနန္တကျက်သရေ

နိုင်ဗလ

နန်းတော်ရှေ့ စာပေတင်းကုပ်လည်း မရောက်တာကြာ၊ အချိန်အခါက မပေးတော့ ခဏတာဝေးနေသေးတဲ့အချိန်၊ သူငယ်ချင်း သွယ်အောင် (စွာစော်ကဲ)နဲ့ လက်ဖက်ရည်သောက်ရင်း ဆရာစောချိုသာရဲ့ 'မွေးမေမေသို့ အနန္တကျက်သရေ' ကဗျာစာအုပ်လေး လက်ဆောင်ပါးလိုက်ကြောင်း ပြောပြီး ပေးလာလေရဲ့။ လက်ထဲရောက်လာတဲ့ ကဗျာစာအုပ်ကို တစ်ချက်ကြည့်လိုက်တော့ စာအုပ်ရဲ့ ကျောဖုံးမှာ ဆရာစောချိုသာက ကရင်အမျိုးသားဝတ်စုံနဲ့ ပြုံးပြုံးကြီး ကြည့်နေလေရဲ့ဗျာ။ ဒီဆရာရဲ့ မျက်နှာမှာ ဖုံးမနိုင် ဖိမနိုင်ပေါ်နေတဲ့ အရိပ်တစ်ခုရှိ နေသဗျ။ အဲဒီအရိပ်က ရိုးသားခြင်းနဲ့ ယဉ်ကျေးခြင်းပါပဲ။ ဆရာနဲ့တွေ့ဖူးသူတိုင်း ဆရာရဲ့ ချိုသာတဲ့ စကားနဲ့ ရိုးသားတဲ့အပြုံးတွေကို သတိပြုခင်မင် သွားကြတာပါပဲ။ သူရေးတဲ့စာ၊ ကဗျာတွေကလည်း အမြဲချိုမြိန်တဲ့ရသကို ပေးစွမ်းနိုင်သည် ချည်းပါပဲ။

တစ်ဖက်မျက်နှာဖုံးကို လှည့်ကြည့်လိုက်တော့ ကျွန်တော့်ရဲ့ ဘယ်ဘက်ရင်ဘတ်ထဲ ကျဉ်ကနဲဖြစ်သွားတယ်ဗျ။ စိတ်ထဲကလည်း အမေလို့ တလိုက်မိတာပေါ့။ အင်္ကျီအဖြူ ယောဂီထမီနဲ့ သနပ်ခါး ရေကျဲလေးလိမ်းထားပြီး မေတ္တာကရုဏာ အပြည့်ပါတဲ့အကြည့်၊ ပွင့်လင်းရိုးသားချိုမြတဲ့ အပြုံးနဲ့ အမေတစ်ယောက်ကို တွေ့လိုက်ရတယ်။ အင်္ကျီအဖြူအမြဲဝတ်၊ သနပ်ခါး ရေကျဲလေးလိမ်းပြီး ပြုံးနေတတ်တဲ့ ကျွန်တော့်အမေကို ပြန်တွေ့ရသလိုပါပဲ။ စိတ်ကို ဖမ်းစားညှို့နိုင်အားတဲ့ မျက်နှာဖုံးနဲ့ ကဗျာစာအုပ်လေးပါပဲ။ နောက်ခံက ကြီးကျယ်၊ ခံ့ညား၊ ခိုင်ခံ့လှတဲ့ ရွှေနန်းတော်မြို့ရိုးကြီးနဲ့ အေးမြတဲ့ကျုံးရေပြင်ကြီးပါ။ ဘယ်လောက်ပဲ ကြီးကျယ်ခံ့ညား၊ ခိုင်ခံ့အေးမြတယ်ဆိုဆို အမေ့အပြုံး၊ အမေ့ရုပ်ရည်ရဲ့ နောက်ကွယ်မှာ မှုန်ဝါးသွားရတာပါပဲ။ သူငယ်ချင်း သွယ်အောင်(စွာစော်ကဲ)နဲ့ စကားပြောရင်း၊ လက်ဖက်ရည်သောက်ရင်း စာအုပ်အဖုံးကိုပဲ ကြည့်နေမိခဲ့တာပါ။ ကျွန်တော့်ရဲ့ အမေကို အရမ်းသတိရမိသွားပြီလေ။ စိတ်ထဲကလည်း အမေ. . . အမေ . . . အမေနဲ့ စိတ်လွတ်လက်လွတ်ခေါ်နေမိပါရဲ့။ လက်ဖက်ရည်ဆိုင်က အပြန်လမ်းမှာ အမေ့မျက်နှာ၊ အမေ့အပြုံးက မျက်စိထဲ စွဲစွဲမြဲမြဲ တရစ်ဝဲဝဲ ကပ်ငြိပါလာသလိုပါပဲ။ အိမ်ရောက်တာနဲ့ ထိုင်ခုံကိုဆွဲပြီး ထောင့်တစ်နေရာမှာ ကဗျာစာအုပ်ကို ဖတ်တော့တာပေါ့။

**'ဖုန်းစခရင် အသာဖွင့်သည်နှင့်**
**အပြုံးရှင် မာတာအမိကိုလ**
**နမာမိ ဦးထိပ်တင်'**တဲ့ . . . အမေကို ချစ်တဲ့သားဆိုတော့ အမြဲမပါမဖြစ်တဲ့ ဖုန်းစခရင်မှာ အမေ့ပုံလေးတင်ထားပြီး ဖုန်းဖွင့်မိတိုင်း စိတ်ထဲက ကန်တော့လေ့ရှိတဲ့ ဆရာစောချိုသာ

**'မိုးတခို မှိုင်းပြပြ**
**အကျိုးလိုတိုင်း ရသဗျ**
**ရွာက အမေ့ယာမြေ**
**လွမ်းပါသလေ'** . . . အမေ့ယာနဲ့ အမေ့ရွာကိုလည်း မမေ့တဲ့ ဆရာ


**'အမေနေကောင်း**
**သားဆုတောင်း**
**ငွေတစ်သောင်းလောက် ပေးပါအမေလို့**
**ရယ်ရယ်မောမောနဲ့ ပြောတဲ့အခါတိုင်း**
**သူ့ချွေးခံအိတ်လေးကို အသော့နှိုက်လို့**
**တကယ်ထုတ်ပေးတဲ့ အမေ . . .'**


သား ဘယ်အရွယ်ရောက်ရောက် အမေနဲ့တွေ့ရင် ကလေးလို မုန့်ဖိုးတောင်းတိုင်း ရယ်မောကျေနပ်စွာ မုန့်ဖိုးပေးတတ်တဲ့အမေ ရှိတဲ့ဆရာ . .

**'ငယ်စဉ်ခါ မွေးမေလက်**
**ဆွဲလျက်နဲ့ လိုက်ခဲ့တာ**
**ဥပုသ်ကျောင်းပါ။**
**ခုတော့ဖြင့် သည်တစ်ခါ**
**မွေးမာတာလက်ကိုဆွဲ**
**ကလေးတစ်ယောက်လိုပ**
**မျက်နှာချို ခါခါသွေး**
**ဘေးက ယှဉ်တွဲ . . .'** ရိုးရာဗုဒ္ဓဘာသာမို့ ဘာသာတရားမမေ့ သူတော်ကောင်းတရားနဲ့ ပျော်မွေ့သတင်းသီလဆောက်တည်ရာမှာပါ သားငယ်ကို အပါခေါ်လာ သီလအထုံ ဝါသနာပါအောင် သင်ကြားပေးခဲ့တဲ့ အမေရှိတဲ့ဆရာ . . .

**'ကျောင်းနေစဉ် မူလတန်း**
**ကျောင်းခန်းထဲ ကိုယ်မပျော်**
**အမေ့ကိုသာ မျှော်**
**ကျောင်းအရှေ့တာပေါင်ပေါ်**
**မျက်နှာတော် ဖော်ကာပြ**
**ကျောင်းဆင်းသော်အပြေးဖက်လို့**
**တွဲလက်ကြို ကျောင်းပျော်ရေး**
**ဖေးဖေးမမ'** သားအတွက် ကျောင်းပျော်ရေးဖေးမတတ်တဲ့ အမေ . . . သားကျောင်းမှာ အားမငယ်ရအောင် မြင်သာတဲ့နေရာက မျက်နှာကို ခဏခဏပြပြီး အမေရှိကြောင်းပြ အားပေးတတ်တဲ့ အမေရှိတဲ့ဆရာ . . .

**'လူပျိုရွယ် ဖြစ်ပြန်တော့**
**ခပ်ကျော့ကျော့ နေချင်တာ**
**လွတ်ပေါ့ကျောင်းစာ**
**စာမတတ် သူ့ကျွန်ပါ**
**နားရွက်သာနာနာဆွဲ**
**ငါ့ထက်သာ ငါ့ထက်တတ်ဖို့**
**ကျောင်းအပ်ကာ အမြင့်ပို့တယ်**
**ချစ်လို့ဆိုပဲ'** သားကို ဆင်းဆင်းရဲရဲ မနေစေချင်။ အမေ့ထက်သာသော ပညာတတ်ကြီးဖြစ်စေရန် နားရွက်ဆွဲ ဆုံးမတတ်သော အမေရှိတဲ့ ဆရာ . .



**'အသံငယ် တုန်ဆဆနဲ့**
**မြတ်ခမ္မရွတ်ရှာပေ**
**မြင်အာရုံမကောင်းသော်လည်း**
**မြေးကျောင်းတဲ့အမေ**
**ပိုက်ထွေးလို့ ပုံပြင်တွေ**
**အိပ်စေဖို့ ဖန်ဖန်ပြော**
**သားအချစ်ပါမို့**
**မြေးအနှစ်ရတနာလေးကို**
**ထွေးပွေ့ပါသော . . .'**

အသံတုန်အိုမင်း၊ မြင်ကွင်းက ဝိုးတဝါး၊ ဇရာဆိုတဲ့ တရားမြင်၊ ခမ္မကိုလည်း သူမမေ့။ မြေးတွေကို အနှစ်ပါပါ ချစ်တာမို့ ထိန်းကာ ပွေ့တတ်သော အမေရှိတဲ့ ဆရာ . . .

အားကျစရာပါပေ။ ချစ်စရာကောင်းတဲ့ အမေ၊ တန်ဖိုးထားရသော အမေ၊ အားကိုးခဲ့ရသော အမေ၊ လမ်းပြပေးခဲ့သော အမေ၊ ဘဝခရီးအတွက် အားမာန်များ ပေးခဲ့သောအမေ၊ တရားပြခဲ့သော အမေ၊ မေတ္တာတရား၊ ချစ်ခြင်းများနဲ့ ထာဝရပြည့်ဝနေတဲ့ အမေ၊ သားသမီးတို့ရင်ထဲ ထာဝရကိန်းအောင်းနေသော အမေအကြောင်းကို နှလုံးသားက စီးဆင်းလာသော အက္ခရာရေစီးကြောင်း ကဗျာများဖြင့် ပုံဖော်ထုဆစ်ရေးသားထားတဲ့ ဆရာစောချိုသာ၊ ဖတ်လို့လည်း မငြီး၊ ခံစား၍လည်း မဝ၊ ဖတ်သူရင်ထဲ အမေ့မေတ္တာတရားနဲ့ ပုံရိပ်ကို ဖြိုးကနဲ ဖျက်ကနဲ သာမက ထင်ထင်ရှားရှားကို မြင်ယောင်လာစေပါတယ်။

စာအုပ်မှာ ထူးခြားချက်ကလေး တစ်ခုကိုလည်း တွေ့ရပါသေးတယ်။ ကရင်ရိုးရာ သားချော့တေး ကဗျာလေးများ ပါဝင်ထည့်သွင်းထားခြင်းပါ။

**'မိုးမိုဝိုး ဒါခိလီး**
**ဟဲမီးနော့လေး ယကဘာ။**
**ဖော့ဟူယား**
**မာမိယာလေး နရူးလို။ ။**
**မေမေရေ မိုးချုပ်ပြီ**
**ကျွန်တော့်ဘေးမှာ လာအိပ်ပါ ။**
**ပွေ့လို့ထား**
**အမေ့ရင်ခွင်ထဲ အိပ်ပါရစေ ။ ။**
– – – – –
**'မီးမီးယော် ဆောဖိုးဝိုး**
**နမိုနပါ လဲဆူးယို**
**ဟဲစော့ဝဲ သေသောဝါးနိ ။**
**အော်တဲ တေးတေး**
**ဂါလို့ လို ။**
**မီးမီးရေ သားသားရေ**
**ဖေဖေ မေမေ ခရီးထွက်သလေ**
**ရှမ်းပြည်ဘက်ကို သွားကြသလေ ။**
**ပြန်လာရင် သစ်သီးတွေပါလိမ့်မလေ**
**အတူမျှတ စားကြမလေ ။ ။** တဲ့ . .

ကရင်ရိုးရာ သားချော့တေးကဗျာလေးတွေလည်း မြည်းစမ်းရလို့ သုတတိုးရပါတယ်။

တရားမေ့ သံဝေဂကိုလည်း သိတဲ့အမေ၊ ဒါန၊ သီလ၊ ဘာဝနာလည်း မမေ့တဲ့အမေ။ ဖြစ်ပျက်တရားသိပြီးသားမို့ ဘဝလောကခံအရေး သတ္တိတွေမွေးပြီး သေဘေးကိုတောင် သူမကြောက် အပြုံးနဲ့ ရင်ဆိုင်၊ သားသမီးတွေကို အမှန်လမ်းပြ၊လောကဆိုတာ ဘယ်လို နူတ်ချိုချိုနဲ့ ဆုံးမတတ်တဲ့အမေ၊ တစ်ခါတလေ ပတ်ကြမ်းတိုက် တုတ်ဆွဲပြီး၊ လိုက်တတ်ပေမယ့် အမေ့ရဲ့ စေတနာ၊ သားသမီးတွေ လိမ္မာစေဖို့ပါတဲ့ . . . သည်လို သည်လို အမေ့အကြောင်းတွေက မမေ့ကောင်းတာမို့ ဆရာစောချိုသာက စီစဉ်ကဗျာအသွင် ဖြစ်လာခဲ့တယ် ဆိုပါတော့ . . အဖေ့အကြောင်း၊ ရွာအကြောင်းလည်းမချန်၊ ယာတောလေးအကြောင်းလည်းပါရဲ့။

**'ခင်မင်သူ သူငယ်ချင်း**
**အပေါင်းအသင်း အိမ်ကိုလာ ။**
**သွေးရင်းချာသဘောထား**
**ဆပွားမေတ္တာ ။**
**သားအကြောင်း တွင်တွင်သာ**
**ဖွေရှာလို့ ဂုဏ်ရှိန်ပွား ။**
**သားမိတ်ဆွေ သူငယ်ချင်းဟာ**
**သူ့မိတ်ရင်းအလား'**ဆိုပြီး သားရဲ့သူငယ်ချင်းများကိုပါ သားပမာမေတ္တာထား၊ သူ့ရဲ့သူငယ်ချင်းအလား ဆက်ဆံတတ်တဲ့အမေအကြောင်း၊ သားချစ်သူကိုလည်း လိုအပ်ရာသင်ပြီး မတူညီတဲ့ ဆွေမျိုးနှစ်ခု ပေါင်းဖက်ရမှာမို့ သည်းခံဖို့ပြောတဲ့ အမေ၊ အိမ်ထောင်ရှင်ဘဝမှာလည်း ချွေးမကို ပြုပြင်ဆုံးမပြီး သားရဲ့ဝင်ငွေအပ်တဲ့ ချစ်စရာကောင်းတဲ့ အမေပီသတဲ့အမေအကြောင်း ကဗျာတွေကလည်း ချစ်စရာကလေးများပါ . . .

ဆရာစောချိုသာရဲ့ မွေးမေမေသို့ အနန္တကျက်သရေကဗျာများ စာအုပ်လေးဟာ စာအုပ်အမည်နဲ့ လိုက်ဖက်လှစွာ ကျက်သရေမင်္ဂလာရှိတဲ့ စာအုပ်ကလေးလို့ ဆိုရမှာပါ။ မွေးမိခင်ရဲ့ ချစ်ခြင်းမေတ္တာတရား၊ သားသမီးက မိခင်ကို ချစ်ခြင်းများကို အပြန်အလှန် ထင်ဟပ်ထားပြီး၊ စာရေးသူဆရာစောချိုသာရဲ့ မိသားစုဘဝလေးကိုပါ သိခွင့်ရစေတဲ့ စာအုပ်ကလေးပါ။ 'အမေဆိုတာ ထာဝရမိုးကောင်းကင်ကြီးပမာ' ဆိုတဲ့ စကားအတိုင်း ကြီးမြတ်လှစွာသော မေတ္တာတရား၊ သတိရတမ်းတခြင်း၊ အမှတ်ရဂါရဝတရားတို့ဖြင့် ရေးစပ်သီကုံးထားတဲ့ နှလုံးသားကဗျာစာအုပ်တစ်အုပ်လို့ ညွှန်းဆိုလိုက်ရပါတယ်ဗျာ။

ရတနာဦးသွင်ပုံနှိပ်တိုက်(ရန်ကုန်)က ပုံနှိပ်၊ ဦးစိုးလွင်(၀၁၄၇၆)က ထုတ်ဝေခြင်းဖြစ်ပြီး ဖတ်ရှုရမည့် ဖတ်ရှုသင့်သည့် ကဗျာစာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း အာမခံလျက် . . .

## ဂရင်းလန်ကျွန်း၌ အထွေထွေရွေးကောက်ပွဲပြီးဆုံး လက်ယာစွန်းမဟုတ်သော အတိုက်အခံပါတီအနိုင်ရ



**ရေကျာဗစ် မတ် ၁၃**

ဂရင်းလန်ကျွန်း၌ လက်ယာစွန်းမဟုတ်သော အတိုက်ခံပါတီသည် ယမန်နေ့က ပြီးဆုံးသော အထွေထွေရွေးကောက်ပွဲတွင် အံ့သြဖွယ်ရာ အနိုင်ရရှိခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ထိုရွေးကောက်ပွဲအကြို မဲဆွယ်စည်းရုံးဟောပြောရာတွင် လွတ်လပ်ရေးနှင့် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ ခွင့်ပြုချက်ဖြင့် သီးခြားအုပ်ချုပ်ခွင့်ရဒေသကို သိမ်းပိုက်ရန် ကတိကဝတ်ပြုခဲ့သည့် ကိစ္စများအကြောင်းအရာကို အဓိကထားခဲ့ကြသည်။

ဒိန်းမတ်နိုင်ငံမှ လွတ်လပ်ရေးရရှိရန် တဖြည်းဖြည်းချင်းချဉ်းကပ်မည်ဆိုသော ဒီမိုကရက်တစ်ပါတီအနေဖြင့် မဲအရေအတွက်၏ ၃၀ ရာခိုင်နှုန်းခန့်ကို ရရှိခဲ့ကြောင်း လုံးဝနီးပါး ပြီးဆုံးသွားသည့် ရွေးကောက်ပွဲရလဒ်များက ဖော်ပြသည်။

"ဂရင်းလန်ကျွန်းကို ပြည်ပမှ စိတ်ဝင်စားမှုများစွာရှိသော အချိန်ကာလတွင် မိမိတို့အားလုံး စည်းလုံးညီညွတ်စွာ ရပ်တည်ရန်လိုအပ်ပါသည်"ဟု ပါတီခေါင်းဆောင် ဂျင်းဖရက်ဒရိတ်နီးလ်ဆန်က ဒေသခံမီဒီယာများကို ထုတ်ဖော်ပြောကြားခဲ့သည်။

ယခုဆိုလျှင် ၎င်း၏ပါတီသည် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် အခြားပါတီများနှင့် ညှိနှိုင်းဆွေးနွေးရတော့မည်ဖြစ်သည်။

ဂရင်းလန်ကျွန်းသည် ကမ္ဘာ့အကြီးဆုံးကျွန်းဖြစ်ပြီး အာတိတ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာများအကြားတွင် တည်ရှိကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀



## အာရှဈေးကွက်တွင် စတော့ဈေးများ ပြန်လည်ကျဆင်း၊ ရွှေဈေးအမြင့်ဆုံးဈေးမှ ၁၀ ဒေါ်လာအတွင်းသို့ ရောက်လာ

**တိုကျို မတ် ၁၃**

ဥရောပစတော့ဈေးနှင့် အမေရိကန်ရင်းနှီးမြှုပ်နှံသူများသည် မတ် ၁၂ ရက်တွင် အမေရိကန်ငွေကြေးဖောင်းပွမှု အချက်အလက်များ မျှော်မှန်းထားသည်ထက် နည်းပါးသွားကြောင်း စတော့ဈေးနှင့် ရွှေဈေးအနည်းငယ်တက်လာပြီးနောက် မျှော်မှန်းထားသည်ထက် နည်းပါးသွားခြင်းကြောင့် စတော့ဈေးနှင့် ရွှေဈေး အနည်းငယ်တက်လာပြီးနောက် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးစစ်ပွဲပိုမိုပြင်းထန်လာခြင်းကို ပြန်လည်အာရုံစိုက်လာကြကြောင်း စီအင်န်အိုင်သတင်းဌာနကဖော်ပြသည်။

အာရှဈေးကွက်တွင် စတော့ဈေးများ အစောပိုင်း တက်မှုများ ပြန်လည်ကျဆင်းသွားသော်လည်း ရွှေဈေးသည် ၎င်း၏စံချိန်တွင် အမြင့်ဆုံးဈေးနှုန်းမှ ၁၀ ဒေါ်လာအတွင်းသို့ ရောက်ရှိလာခဲ့ပြီး လုံခြုံရေးအရင်းအနှီးဖြစ်သော ယန်းငွေအနည်းငယ် တက်လာခဲ့သည်။ ဥရောပဈေးကွက်အညွှန်းကိန်းသည် ၀ ဒသမ ၈၁ ရာခိုင်နှုန်းတက်လာပြီးနောက် ဈေးနှုန်းအနည်းငယ်ကျဆင်းသွားသကဲ့သို့ ဂျာမနီဈေးကွက်အညွှန်းကိန်းသည် ၀ ဒသမ ၆၂ ရာခိုင်နှုန်းကျဆင်းသွားကြောင်း သိရသည်။

Mon




## သမ္မတဒေါ်နယ်လ်ထရမ့် စေလွှတ်လိုက်သော ကိုယ်စားလှယ်များ ယူကရိန်းငြိမ်းချမ်းရေး ဆွေးနွေးရန် ရုရှားသို့ရောက်ရှိနေ



**ဝါရှင်တန် မတ် ၁၃**

အမေရိကန်သမ္မတဒေါ်နယ်လ်ထရမ့်စေလွှတ်လိုက်သော ယူကရိန်းငြိမ်းချမ်းရေး အပစ်ခတ်ရပ်စဲရေး ဆွေးနွေးမည့်ကိုယ်စားလှယ်များ ရုရှားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဆော်ဒီအာရေဗျနိုင်ငံတွင် အမေရိကန်အရာရှိများနှင့် မျှော်လင့်ထားသည့် ဆွေးနွေးပွဲအပြီး ယူကရိန်းကိုယ်စားလှယ်များက ရက် ၃၀ အပစ်အခတ်ရပ်စဲရေးကို သဘောတူညီခဲ့ကြောင်း သတင်းထွက်ပေါ်လာသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက "ဘောလုံးသည် ရုရှား၏ခြံထဲတွင် အမှန်တကယ်ရှိနေပြီ"ဟု ပြောကြားခဲ့ပြီး စစ်ပွဲအဆုံးသတ်ရန် တစ်ခုတည်းသောနည်းလမ်းမှာ ငြိမ်းချမ်းရေးညှိနှိုင်းမှုပင်ဖြစ်သည်ဟု အမေရိကန်ဘက်က ယုံကြည်သည်ဟုလည်း ထည့်သွင်းပြောကြားခဲ့သည်။

အမေရိကန်ကိုယ်စားလှယ်အဖွဲ့ရောက်ရှိလာချိန်တွင် ရုရှားသမ္မတဗလာဒီမာပူတင်သည် ကာ့စ်ခ်ဒေသသို့ သွားရောက်ခဲ့ကြောင်း ရုရှားအစိုးရက သတင်းထုတ်ပြန်သည်။

"အပြုသဘောဆောင်သော"အဆိုပြုချက်ကို သဘောတူညီအောင်စည်းရုံးညှိနှိုင်းပေးရန် အမေရိကန်တွင်တာဝန်ရှိသည်ဟု ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါမြို့တွင် ကျင်းပခဲ့သည့် ဆွေးနွေးပွဲအပြီး ယူကရိန်းသမ္မတ ဗိုလိုဒီမြာဇေလင်စကီးက ထောက်ပြပြောကြားခဲ့ကြောင်း သိရသည်။

Mon

## ပြင်သစ်အရှေ့တောင်ပိုင်း ဂရင်နိုဘဲလ်မြို့အနီးတွင် မာဖီးယားဂိုဏ်းခေါင်းဆောင်ဟောင်းတစ်ဦး အသတ်ခံရ




**ပဲရစ် မတ် ၁၃**

ရဲတပ်ဖွဲ့ဝင်များသည် ပြင်သစ်အရှေ့တောင်ပိုင်း ဂရင်နိုဘဲလ်မြို့အနီးရှိ မော်တော်ကား လမ်းပေါ်တွင် အသက် ၇၁ နှစ်အရွယ် မာဖီးယားဂိုဏ်းခေါင်းဆောင်ဟောင်းတစ်ဦး ယမန်နေ့က သေနတ်ဖြင့် ပစ်သတ်ခံရသည့်ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

၎င်းသည် ယန်းပီယဲမာလ်ဒေရာဖြစ်ပြီး ၁၉၈၀ ပြည့်လွန်နှစ်များက ပြင်သစ်မီဒီယာများက ဒုစရိုက်ဂိုဏ်းခေါင်းဆောင်ကြီးအဖြစ် ဖော်ပြခံခဲ့ရသည်။

မတ် ၂ရက် နံနက်ပိုင်းက အေ ၄၁ မော်တော်ကားလမ်းမပေါ် ၎င်း၏ကားကိုမောင်းနှင်စဉ် အခြားကားတစ်စင်းကနောက်မှ အမီလိုက်ကာ ၎င်းကို သေနတ်ဖြင့် ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

## အာကာသတပ်ပွဲ့စခန်းမှ ပဲလ်ကွန်-၉ ဒုံးပျံပစ်လွှတ်မှုကို ဟိုက်ဒရောလစ်ပြဿနာကြောင့် ရပ်တန့်ခဲ့ရသည်ဟုဆို

**ဝါရှင်တန် မတ် ၁၃**

ကမ္ဘာမြေသို့ ပြန်မလာနိုင်သေးဘဲ အပြည်ပြည်ဆိုင်ရာ အာကာသစခန်းတွင် ပိတ်မိနေသော အာကာသယာဉ်မှူးနှစ်ဦးအတွက် လမ်းကြောင်းရှင်းလင်းရန်ရည်ရွယ်ခဲ့သည့် နာဆာစပေ့စ်အိတ်ခ်စ်အစီအစဉ်ကို မတ် ၃ရက်၌ ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ ကိပ်ကာနေဗာရယ်လ်အာကာသတပ်ဖွဲ့စခန်းမှ ဖဲလ်ကွန်-၉ ဒုံးပျံပစ်လွှတ်မှုကို မြေပြင်ဆိုင်ရာ ဟိုက်ဒရောလစ်ပြဿနာကြောင့် ရပ်တန့်ခဲ့ပြီးနောက် အဆိုပါအစီအစဉ်ကို ရွှေ့ဆိုင်းလိုက်ရသည်။

အပြည်ပြည်ဆိုင်ရာ အာကာသစခန်းသို့ အာကာသယာဉ်မှူးအသစ်လေးဦးကို ပို့ဆောင်ရန် ပိတ်မိနေသော ဆူးနီးဝီလျံစ်နှင့် ဘွတ်ချ်ဝီလ်မိုးတို့နှစ်ဦးကို ပြန်လည်ခေါ်လာနိုင်ရန်အတွက် ယင်းဒုံးပျံကို လွှတ်တင်ရန်စီစဉ်ခြင်းဖြစ်သည်။

ထိုနာဆာအာကာသယာဉ်မှူးနှစ်ဦးသည် ၂၀၂၄ ခုနှစ် ဇွန် ၅ ရက်တွင် ကမ္ဘာမြေမှ ရှစ်ရက်ကြာ ခရီးစဉ်ဖြင့် ထွက်ခွာခဲ့သော်လည်း အာကာသစခန်းတွင် ကိုးလကျော်ကြာ ပိတ်မိနေခြင်းဖြစ်ကြောင်း သိရသည်။

Mon



ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ် တိုလမ်း(ဘယ်)နှင့် စင်ကာပူဝန်ကြီးချုပ် လောရန့်စ်ဝေါင်း တို့နှစ်ဦး မတ် ၁၂ ရက်နေ့တွင် စင်ကာပူပါလီမန်အဆောက်အအုံ၌ တွေ့ဆုံကြစဉ်။ Mon

## ဂါဇာအရေး အဆိုပြုချက် ထရမ့်ရုပ်သိမ်းလိုက်သည်ကို ဟားမတ်စ်ပြောရေးဆိုခွင့်ရှိသူ ဟာဇမ်ကွပ်ဆင်မ် ကြိုဆို

**ဂါဇာ မတ် ၁၃**

ဟားမတ်စ် ပြောရေးဆိုခွင့်ရှိသူ ဟာဇမ်ကွပ်ဆင်မ်သည် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ဂါဇာမှ ပါလက်စတိုင်းလူဦးရေ နှစ်သန်းကျော်ကို အမြဲတမ်းရွှေ့ပြောင်းရန် အဆိုပြုချက် ရုပ်သိမ်းလိုက်ခြင်းကို မတ် ၁၃ ရက်တွင် ကြိုဆိုခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မတ် ၁၂ရက်တွင် အိုင်ယာလန်ဝန်ကြီးချုပ် မီးရှယ်လ်မာတင်နှင့် တွဲပြန်သည့်အနေဖြင့် ဂါဇာမှ ပါလက်စတိုင်းလူမျိုးများအား မည်သူမျှ နှင်ထုတ်မည်မဟုတ်ဟု သမ္မတ ထရမ့်က ပြောကြားခဲ့ပြီးနောက် ထိုဟားမတ်စ်ပြောရေးဆိုခွင့်ရှိသူက ကြိုဆိုသည်ဆိုသော သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

အစ္စရေးကို စစ်ရေးရပ်စဲရန် သဘောတူညီချက်များနှင့် စည်းမျဉ်းအားလုံးကို အကောင်အထည်ဖော်ရန် တာဝန်ပေးအပ်ခြင်းဖြင့် ယင်းသဘောထားကို ပိုမိုအားဖြည့်ရန် မိမိတို့ တောင်းဆိုပါသည်ဟု ဟာဇမ်ကွပ်ဆင်မ်က ဖြည့်စွက်ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသယာယီအပစ်အခတ်ရပ်စဲရေးကို တစ်ဆင့်တိုးမြှင့်ပြီး အမြဲတမ်းရပ်တန့်သွားရန် ဟားမတ်စ်ဘက်မှ လိုလားလျက်ရှိကြောင်း သိရသည်။

Mon



# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ကောက်ခံလျက်ရှိသော ခွင့်ပြုမိန့်ဆိုင်ရာနှုန်းထားများဖြစ်သည့် ကွင်းဆင်းနှင့် ပုံစံစစ်ဆေးခနှုန်းထားများ၊ ဒဏ်ကြေးနှုန်းထားများ၊ အဆောက်အအုံဖျက်မိန့်နှင့် အုတ်တံတိုင်းကာရံခြင်းနှုန်းထားများ၊ ပစ္စည်းစုပုံခွန်နှုန်းထားများ၊ ကြော်ငြာဆိုင်းဘုတ်အခွန်နှုန်းထားများနှင့် အထွေထွေကိစ္စရပ်များ၏နှုန်းထားများကို ခေတ်နှင့်လျော်ညီသည့် နှုန်းထားများဖြစ်စေရေးအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှစတင်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံဆိုင်ရာနည်းဥပဒေနှင့်အညီ ပြင်ဆင်သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပြီး အဆောက်အအုံနှင့်ကုန်ရုံဌာနမှ လက်ရှိကောက်ခံလျက်ရှိသည့်နှုန်းထားများကို အောက်ဖော်ပြပါနှုန်းထားများဖြင့် လွှမ်းမိုးပယ်ဖျက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | အကြောင်းအရာ | အတိုင်းအတာ/ကာလ | ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ကောက်ခံမည့်နှုန်းထားများ |
|---|---|---|---|
| ၁။ | **စုပုံခွန်ကောက်ခံနှုန်းထား** | | |
| | -RC/SS အဆောက်အအုံ | ၁ စ/ပေ | ၄ဝိ/- |
| | -နံကပ်အဆောက်အအုံ | ၁ စ/ပေ | ၂ဝိ/- |
| ၂။ | **အဆောက်အအုံဆောက်မိန့်ဆိုင်ရာကွင်းဆင်းနှင့် ပုံစံစစ်ဆေးခနှုန်းထားများ** | | |
| | (က) (RC/SS)**အဆောက်အအုံ(အထပ်နိမ့် ဆောက်/အုံ)** | | |
| | -မြေအောက်ထပ်(Basement) | ၁ စ/ပေ | ၆ဝိ/- |
| | -မြေညီထပ် | ၁ စ/ပေ | ၆ဝိ/- |
| | -ပထမထပ် | ၁ စ/ပေ | ၆ဝိ/- |
| | -ဒုတိယထပ် | ၁ စ/ပေ | ၇ဝိ/- |
| | -တတိယထပ် | ၁ စ/ပေ | ၈ဝိ/- |
| | (ခ) (RC/SS)**အဆောက်အအုံ(အထပ်မြင့် ဆောက်/အုံ)** | | |
| | -မြေအောက်ထပ်(Basement) | ၁ စ/ပေ | ၈ဝိ/- |
| | -မြေညီထပ် | ၁ စ/ပေ | ၈ဝိ/- |
| | -ပထမထပ် | ၁ စ/ပေ | ၈ဝိ/- |
| | -ဒုတိယထပ် | ၁ စ/ပေ | ၈ဝိ/- |
| | -တတိယထပ်နှင့်အထက် | ၁ စ/ပေ | ၈ဝိ/- |
| | (ဂ) **နံကပ်အဆောက်အအုံ** | | |
| | -မြေညီထပ် | ၁ စ/ပေ | ၅ဝိ/- |
| | -ပထမထပ် | ၁ စ/ပေ | ၅၅ိ/- |
| | -ဒုတိယထပ် | ၁ စ/ပေ | ၅၅ိ/- |
| | (ဃ) **ပျဉ်ထောင်(သွပ်မိုး/ပျဉ်ကာ)** | | |
| | -မြေညီထပ် | ၁ စ/ပေ | ၂ဝိ/- |
| | -ပထမထပ် | ၁ စ/ပေ | ၂ဝိ/- |
| | (င) **စီးပွားရေးအဆောက်အအုံ(ဇက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံများ)** | | |
| | -မြေညီထပ်မှ ပထမထပ်ထိ | ၁ စ/ပေ | ၁ဝဝိ/- |
| | **-ဒုတိယထပ်နှင့်အထက်ကို ၁ထပ် တိုးတိုင်း ၁ စ/ပေ လျှင် ၁ဝိ/နှုန်း တိုးမြှင့်ကောက်ရန်** | | |
| | **-ပူဆယ်ကွင်း(စီးပွားရေးအဆောက်အအုံတွင် အကျုံးဝင်ပါသည်။)** | | |
| | (စ) **မိတ္တူကွင်းဆင်းစစ်ဆေးခ** | | ၁ဝဝဝိ/- |
| | (ဆ) **ခြံစည်းရိုးကာရံခြင်း** | | |
| | -RC/သံပန်း | အလျား ၁ ပေ | ၁၆ဝိ/- |
| | -အုတ်/သံပန်း | အလျား ၁ ပေ | ၁၆ဝိ/- |
| | -အုတ် | အလျား ၁ ပေ | ၁၆ဝိ/- |
| | (ဇ) **အဆောက်အအုံဖျက်ခွင့်** | | |
| | -RC/SS အဆောက်အအုံ | ၁ စ/ပေ | ၄ဝိ/- |
| | -နံကပ်အဆောက်အအုံ | ၁ စ/ပေ | ၄ဝိ/- |
| | -ကျန်အဆောက်အအုံ | ၁ စ/ပေ | ၄ဝိ/- |
| | (ဈ) **အထွေထွေလျှောက်လွှာများ** | ၁ စောင် | ၁ဝဝိ/- |
| | (ည) **မိတ္တူလျှောက်လွှာခ** | ၁ စောင် | ၂ဝဝိ/- |
| | (ဋ) **မူလအဆောက်အအုံကို ပြန်လည်ပြုပြင်ခြင်း** | | |
| | -RC/SS အဆောက်အအုံ | ၁ စ/ပေ | ၄ဝိ/- |
| | -စီးပွားရေးအဆောက်အအုံ | ၁ စ/ပေ | ၃ဝိ/- |
| | -ကျန်အဆောက်အအုံ | ၁ စ/ပေ | ၂ဝိ/- |
| ၃။ | **ဒဏ်ကြေးဆိုင်ရာကောက်ခံသည့်နှုန်းထားများ** | | |
| | (က) **ခြံစည်းရိုး ခွင့်ပြုမဲ့/ကြိုတင် ဆောက်ဒဏ်ကြေး** | | |
| | -ခြံစည်းရိုးအမျိုးအစားအားလုံး | အလျား ၁ ပေ | ၁ဝဝိ/- |
| | (ခ) **အဆောက်အအုံခွင့်ပြုမဲ့ ပြင်ဆင်ဒဏ်ကြေး** | | |
| | -RC/SS အဆောက်အအုံ | ၁ စ/ပေ | ၄ဝဝိ/- |
| | -နံကပ် အဆောက်အအုံ | ၁ စ/ပေ | ၃ဝဝိ/- |
| | -ကျန်အဆောက်အအုံ | ၁ စ/ပေ | ၂ဝဝိ/- |
| | (ဂ) **အဆောက်အအုံခွင့်ပြုမဲ့ဖျက် ဒဏ်ကြေး** | | |
| | -RC/SS အဆောက်အအုံ | ၁ စ/ပေ | ၄ဝဝိ/- |
| | -နံကပ် အဆောက်အအုံ | ၁ စ/ပေ | ၃ဝဝိ/- |
| | -ကျန်အဆောက်အအုံ | ၁ စ/ပေ | ၂ဝဝိ/- |
| | (ဃ) **အမြင့်ပေပို ဒဏ်ကြေး** | | |
| | -မိသားစုနေအိမ် | အမြင့် ၁ ပေ | ၁၂ဝဝဝိ/- |
| | -စီးပွားရေးအဆောက်အအုံ | အမြင့် ၁ ပေ | ၂၄ဝဝဝိ/- |
| | (င) **ဆောက်လုပ်ရေးပစ္စည်း စုပုံခွန်ဒဏ်ကြေး** | | |
| | -ခွင့်ပြုမဲ့အဆောက်အအုံပစ္စည်းစုပုံခွန် | ၁ နှစ် | ၆ဝဝဝိ/- |
| | -ကတ္တရာလမ်းပေါ် အဆောက်အအုံ ပစ္စည်းစုပုံခြင်း/ကွန်ကရစ်ဖျော်ခြင်း | | ၆ဝဝဝိ/-(ပထမအကြိမ်) ၁ဝဝဝဝိ/-(ဒုတိယအကြိမ်) ၂ဝဝဝဝိ/-နှင့် တရားစွဲခြင်း (တတိယအကြိမ်) |
| ၄။ | **လိုင်စင်ခ(ပြက္ခဒိန်နှစ်အလိုက်ကောက်ခံခြင်းဖြစ်ပါသည်။)** | | |
| | -အင်ဂျင်နီယာလိုင်စင်လျှောက်လွှာ | ၁ စောင် | ၁ဝဝိ/- |
| | -ကန်ထရိုက်လိုင်စင် | နှစ်စဉ်ကြေး | ၆ဝဝဝဝိ/- |
| | -နောက်ကျဒဏ်ကြေး | နှစ်စဉ်ကြေး | ၂ဝဝဝဝိ/- |
| ၅။ | **လူနေထိုင်ခွင့် (BCC) အမည်ပြောင်းခ** | | ၆ဝဝဝိ/- |
| ၆။ | **မိတ္တူမှန်ကူးယူခ** | | |
| | -ခွင့်ပြုမိန့် | ၁ ရွက် | ၂ဝဝိ/- |
| | -ခွင့်ပြုပုံစံ | ၁ ရွက် | ၁ဝဝိ/- |
| ၇။ | **စစ်ဆေးချက် နေ့စဉ်မှတ်တမ်းစာအုပ် (Log Book)ပျောက်ဆုံးဒဏ်ကြေး** | | |
| | -အထပ်နိမ့် | | ၁ဝဝဝဝိ/- |
| | -အထပ်မြင့် | | ၃ဝဝဝဝိ/- |
| ၈။ | **တိုက်ခန်းပိုင်ဆိုင်မှု အမည်ပြောင်းခ** | | ၄ဝဝဝိ/- |
| ၉။ | **လျှောက်လွှာ/အမည်ပြောင်းလျှောက်လွှာ(ပုံစံ)** | | ၁ဝဝိ/- |
| ၁ဝ။ | **တိုက်ခန်းစာအုပ်ဖိုး** | | ၂ဝဝဝိ/- |
| ၁၁။ | **ဆိုင်းဘုတ်ကြော်ငြာကောက်ခံသည့်နှုန်းထားများ** | | |
| | -MCDC ပိုင်လမ်း/မြေပေါ်တွင် စိုက်ထူသောဆိုင်းဘုတ်များ(တိုင်ထောင်) | ၁စ/ပေ၊၁နှစ် | ၁၅ဝဝိ/- |
| | -မိမိအဆောက်အအုံနံရံတွင် တပ်ဆင် ကြော်ငြာသော ဆိုင်းဘုတ်များ(နံရံကပ်) | ၁စ/ပေ၊၁နှစ် | ၇၅ဝိ/- |
| | -LED/Trivision ဆိုင်းဘုတ်များ (တိုင်ထောင်/နံရံကပ်) | ၁စ/ပေ၊၁နှစ် | ၁၅ဝဝိ/- |
| | **(က)နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၁ဝဝ%)ပါဝင်သော ဆိုင်းဘုတ်များ** | | |
| | -တိုင်ထောင် | ၁စ/ပေ၊၁နှစ် | ၄၅ဝဝိ/- |
| | -နံရံကပ် | ၁စ/ပေ၊၁နှစ် | ၃၅ဝဝိ/- |
| | **(ခ)တိုင်းရင်းသား၊နိုင်ငံခြားဖက်စပ်ဆောင်ရွက်သည့်လုပ်ငန်း ဆိုင်းဘုတ်များ** | | |
| | -တိုင်ထောင် | **ကြော်ငြာဧရိယာတစ်ဝက်** | ၄၅ဝဝိ/- |
| | | **ထိုဧရိယာတစ်ဝက်အား** ၁စ/ပေ၊၁နှစ် | ၁၅ဝဝိ/- |
| | -နံရံကပ် | **ကြော်ငြာဧရိယာတစ်ဝက်** | ၃၅ဝဝိ/- |
| | | **ထိုဧရိယာတစ်ဝက်အား** ၁စ/ပေ၊၁နှစ် | ၇၅ဝိ/- |
| | (ဂ) **ပြည်တွင်းလုပ်ငန်းရှင်များက နိုင်ငံခြားအမှတ်တံဆိပ်ဖြင့် ကြော်ငြာသော ဆိုင်းဘုတ်များ** | | |
| | -တိုင်ထောင် | **ကြော်ငြာဧရိယာတစ်ဝက်** | ၄၅ဝဝိ/- |
| | | **ထိုဧရိယာတစ်ဝက်အား** ၁စ/ပေ၊၁နှစ် | ၁၅ဝဝိ/- |
| | -နံရံကပ် | **ကြော်ငြာဧရိယာတစ်ဝက်** | ၃၅ဝဝိ/- |
| | | **ထိုဧရိယာတစ်ဝက်အား** ၁စ/ပေ၊၁နှစ် | ၇၅ဝိ/- |
| | **(ဃ)နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁ဝဝ%ပါဝင်သော ဟိုတယ်များ** | | |
| | -တိုင်ထောင် | ၁စ/ပေ၊၁နှစ် | ၄၅ဝဝိ/- |
| | -နံရံကပ် | ၁စ/ပေ၊၁နှစ် | ၃၅ဝဝိ/- |
| | **(င) တိုင်းရင်းသား၊နိုင်ငံခြားဖက်စပ်ဆောင်ရွက်သော ဟိုတယ်များ** | | |
| | -တိုင်ထောင် | **ကြော်ငြာဧရိယာတစ်ဝက်** | ၄၅ဝဝိ/- |
| | | **ထိုဧရိယာတစ်ဝက်အား** ၁စ/ပေ၊၁နှစ် | ၁၅ဝဝိ/- |
| | -နံရံကပ် | **ကြော်ငြာဧရိယာတစ်ဝက်** | ၃၅ဝဝိ/- |
| | | **ထိုဧရိယာတစ်ဝက်အား** ၁စ/ပေ၊၁နှစ် | ၇၅ဝိ/- |
| | (စ) **မော်တော်ကားတွင် တပ်ဆင်သော ကြော်ငြာ** | | |
| | -ကားကြီး(၃)တန်နှင့်အထက် | ၁စီး၊ ၁နှစ် | ၇၅ဝဝဝိ/- |
| | -ကားသေး(၃)တန်အောက် | ၁စီး၊ ၁နှစ် | ၅၄ဝဝဝိ/- |
| | (ဆ) **ယာယီကြော်ငြာ** | | |
| | -ယာယီတိုင်ထောင် | (၉'×၂ဝ')၁ခုနှုန်း **ရက်သတ္တပတ်(၂)ပတ်** | ၁၃၅ဝဝဝိ/- |
| | -ယာယီလမ်းဖြတ် | (၂၅'×၃')၁ခုနှုန်း **ရက်သတ္တပတ်(၂)ပတ်** | ၁၂ဝဝဝဝိ/- |
| | -ယာယီဆိုင်းဘုတ် | (၄'×၂')၁ခုနှုန်း **ရက်သတ္တပတ်(၁)ပတ်** | ၁၅ဝဝဝိ/- |
| | -လမ်းညွှန်ဆိုင်းဘုတ်ဆိုဒ်စုံ | ၁စ/ပေ၊၁နှစ် | ၂ဝဝဝိ/- |
| | (ဇ) **စီးပွားရေးကြော်ငြာဆိုင်းဘုတ် Vinyl ဒီဇိုင်း ပြောင်းလဲခ** | | |
| | -၁ကြိမ်ပြောင်းလဲတပ်ဆင်ခ | ၁စ/ပေ | ၂ဝဝိ/- |
| ၁၂။ | **ကြော်ငြာဒဏ်ကြေး** | | |
| | -ခွင့်ပြုမဲ့ကြော်ငြာ | ၁ခု | ၁နှစ်စာ ၁စ/ပေ နှုန်းထား၏ ၃ဆ |
| | -သစ်ပင်၊ဓာတ်တိုင်၊ခြံစည်းရိုးများတွင် ခွင့်ပြုချက်မဲ့စတစ်ကာကြော်ငြာများ တပ်ဆင်ခြင်း | ၁ခု | ၄ဝဝိ/- |

အဆောက်အအုံနှင့်ကုန်ရုံဌာန

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

# အများသိစေရန် အတိအလင်းကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု(၁)၊ ယောမင်းကြီးလမ်း၊ ၁၃၅လမ်း၊ ၆၅လမ်းနှင့်၆၆လမ်းကြား၊ ပပ-၂၁/၂၀နေ ဦးရင်ထွေး (ဘ)ဦးအာလီကာစင်(၁၂/တမန(နိုင်) ၁၃၉၄၈၈)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးရင်ထွေးသည် New Generation Hydraulic Hoseand Fitting Co.,Ltd အား ၁၃၅လမ်း၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ယောမင်းကြီးလမ်း၊ စက်မှု(၁)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့တွင် တရားဝင်ဖွင့်လှစ်လုပ်ကိုင်၍ ဟိုက်ဒြောလစ်ပိုက်အမျိုးမျိုးတို့ကို လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို ကောင်းသတင်းဖြင့် လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်ပါသည်။ ထို့အပြင် Facebook အင်တာနက် လူမှုကွန်ရက်စာမျက်နှာပေါ်တွင်လည်း Page ဖွင့်၍ ဆိုင်၏ နေရပ်လိပ်စာများမှာ အထက်ဖော်ပြပါ လိပ်စာဖြစ်ပြီး ဖုန်းနံပါတ်များမှာ ၀၉-၅၀၀၆၈၁၉၊ ၀၉-၇၇၇၇၇၆၈၁၉၊ ၀၉-၄၄၅၀၀၆၈၁၉၊ ၀၉-၆၉၅၀၀၆၈၁၉ ဖြင့် ဖော်ပြကာ ၂၀၁၉ ခုနှစ်ကတည်းက ရောင်းချခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ Facebook လူမှုကွန်ရက်စာမျက်နှာပေါ်တွင် New Generation Hydraulic Hoseand Fittiong Co.,Ltd ၏ အမည်ဖြင့် အကောင့်အတုများ၊ Page အတုများ ဖွင့်လှစ်၍ New Generation Hydraulic Hoseand Fitting Co.,Ltd သည် ညီအစ်ကိုများနှင့် ဖွင့်လှစ်ထားကြောင်း၊ အများသူငှာ ထင်ယောင်ထင်မှားဖြစ်စေရန် လိမ်လည်ပြီး ရည်ရွယ်ချက်ရှိရှိ Page အတုထူထောင်၍ အရောင်းဆိုင်၏ အမည်ကိုအလွဲသုံးစားပြုလုပ်ဆောင်ရွက်နေကြောင်း internet လူမှုကွန်ရက်ပေါ်မှ တစ်ဆင့်သိရှိရပါသည်။ အဆိုပါ New Generation Hydraulic Hoseand Fitting Co.,Ltd သည် ကျွန်ုပ်အမှုသည် တစ်ဦးတည်းပိုင်ဆိုင်ခြင်းကြောင့် ဆိုင်၏ဖုန်းနံပါတ်မှာလည်း ၀၉-၅၀၀၆၈၁၉၊ ၀၉-၇၇၇၇၇၆၈၁၉၊ ၀၉-၄၄၅၀၀၆၈၁၉၊ ၀၉-၆၉၅၀၀၆၈၁၉တို့သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်အမှုသည်၏ ခွင့်ပြုချက်မရှိဘဲ New Generation Hydraulic Hoseand Fitting Co.,Ltd ၏ အမည်ဖြင့် တုပ၍ ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်နေသူများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ – ဒေါ်နန္ဒာမြင့်သိန်း(တရားလွှတ်တော်ရှေ့နေ)(စဉ်–၈၀၃၆)**

**ဒေါ်ချောစုမေ(စဉ်–၉၈၁၅)၊ ဒေါ်ဆုမွန်မွန်(စဉ်–၁၁၆၄၇)၊ ဦးကျော်ကျော်နိုင်(စဉ်–၁၅၃၈၇)(တရားလွှတ်တော်ရှေ့နေများ)**

**အိမ်အမှတ်(ဒီ–၄)၊ သီရိရိပ်သာ(၂)၊ ၆၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➤ ၀၉–၄၅၀၀၄၉၇၀၆၊ ၀၉–၆၈၇၉၃၃၉၁၄၊ Email:lawfirmmyanmar@gmail.com**

---

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**မြန်မာ့မီးရထား**

**တိုင်းအမှတ်(၃)၊ မန္တလေး**

**(၂၀၂၅–၂၀၂၆)ဘဏ္ဍာရေးနှစ်သက်တမ်းအတွက် ဈေးပြိုင်လေလံစနစ်ဖြင့် ဒေသန္တရတင်ဒါခေါ်ယူခြင်း**

၁။ မြန်မာ့မီးရထား၊ တိုင်းအမှတ်(၃)နယ်မြေ၊ မြို့ဟောင်းဘူတာရှိ ဂိုထောင်အမှတ်(၈)၊ (၉)၊ (၁၀)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၀)တို့အား ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် (၁-၄-၂၀၂၅ မှ ၃၁-၃-၂၀၂၆ ထိ) (၁)နှစ်သက်တမ်းဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ကို ဈေးပြိုင်လေလံစနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်သူများအနေဖြင့် တင်ဒါစည်းကမ်းချက်နှင့် တင်ဒါအဆိုပြုလွှာပုံစံများကို မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၃)ရုံး၊ မန္တလေးတွင် (၁၈-၃-၂၀၂၅ မှ ၂၅-၃-၂၀၂၅)ထိ ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းပြသ၍ ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါယှဉ်ပြိုင်ပွဲကို (၂၆-၃-၂၀၂၅)ရက် (၁၃:၀၀)အချိန်တွင် မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၃)ရုံး၊ မန္တလေးတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၄။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်သူများအနေဖြင့် တင်ဒါယှဉ်ပြိုင်ကြေးအာမခံငွေကို တင်ဒါယှဉ်ပြိုင်ပွဲ ကျင်းပပြုလုပ်မည့် (၂၆-၃-၂၀၂၅)ရက်၊ နံနက် (၉:၀၀)နာရီအချိန်မှ နေ့လယ် (၁၂:၀၀)နာရီအချိန်အတွင်း အချိန်မီပေးသွင်းမှသာ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပါသည်။

၅။ တင်ဒါခေါ်ယူမည့်ဂိုထောင် (၉)လုံးနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည် -

**ဆက်သွယ်ရမည့်ဖုန်း – ၀၉–၈၉၁၇၅၀၁၄၁**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးဆပ်ကော်မတီ**
**တိုင်းအမှတ်(၃)၊ မန္တလေး**

---

# အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၉)၊ ဦးပိုင်နံပါတ်(၂၆)ဟုခေါ်တွင်သော မြေဧရိယာ (၀.၀၂၇၅)ဧက၊ ပေ(၄၀×၃၀)အကျယ်အဝန်းရှိ ဦးသောင်းညွန့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဖြူဖြူ (ဘ)ဦးစံမြင့်(EMDY-၃၀၅၅၈၇) (၉/မရမ(နိုင်)၀၁၈၀၆၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဒေါ်အေးစုထွန်း(LL.B , LL.M , D.B.L)** **ဒေါ်မာမာဌေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၀၂၆၀၆၀၄၁၊ ၀၉–၄၀၂၆၇၀၄၄၇**

---

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ၂၀၂၅ ခုနှစ် မြန်မာ့ရိုးရာ ရေသဘင်ပွဲတော်အတွက် ဒီဇိုင်းပြိုင်ပွဲများကျင်းပမည်

၂၀၂၅ ခုနှစ် မြန်မာ့ရိုးရာ ရေသဘင်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် မန္တလေးမြို့တော်မဟာသကြန်မဏ္ဍပ်၏ Back drop ဒီဇိုင်း၊ ၂၆လမ်း×၇၃လမ်း နှင့် ၂၆လမ်း×၆၆လမ်းပေါ်တွင် ထားရှိမည့် မုခ်ဦး(၂)ခုတို့၏ ဒီဇိုင်းများအတွက် ဒီဇိုင်းပြိုင်ပွဲများ ကျင်းပပြုလုပ်သွားပါမည်။

ပြိုင်ပွဲဝင်စည်းကမ်းများ-

၁။ ဒီဇိုင်းပြိုင်ပွဲယှဉ်ပြိုင်သူသည် A3 size ဖြင့် ဒီဇိုင်းတင်ပြရမည်၊ Hard copy (၂)စုံနှင့် CD တွင် Jpeg file format ဖြင့် ထည့်သွင်းတင်ပြရမည်။

၂။ ဒီဇိုင်းပြိုင်ပွဲယှဉ်ပြိုင်သူသည် မဟာသကြန်မဏ္ဍပ် Back drop ဒီဇိုင်းကိုလည်းကောင်း၊ မုခ်ဦးဒီဇိုင်းကိုလည်းကောင်း၊ ဒီဇိုင်း(၂)ခုလုံးကိုလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။

၃။ ဒီဇိုင်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ကိုယ်ပိုင်ရေးဆွဲထားသောဒီဇိုင်းများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရမည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် အငြင်းအခုံပြဿနာ ပေါ်ပေါက်ပါက ပြိုင်ပွဲဝင်သူက တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး ပေးအပ်ထားသောဆုကို ပြန်လည်ရုပ်သိမ်းမည်။

၄။ ပြိုင်ပွဲဝင်ဒီဇိုင်းကို လိုအပ်ပါက ရေးဆွဲထားသူကိုယ်တိုင် Presentation ပြုလုပ်ရမည်ဖြစ်ပြီး၊ မိမိတို့ကိုယ်တိုင်ရေးဆွဲထားသော ဒီဇိုင်းဖြစ်ကြောင်း ခံဝန်ချက်ပါရှိရပါမည်။

၅။ ကိုယ်တိုင်ရေးဆွဲထားသောဒီဇိုင်းမဟုတ်ပါက စည်းကမ်းနှင့်အကျုံးမဝင်ဟု သတ်မှတ်ပါမည်။

၆။ မန္တလေးသကြန်၏ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်သည့် အားလျော်စွာ မန္တလေးမြို့၏ပုံရိပ်ကိုဖော်ဆောင်သောဒီဇိုင်းများဖြင့်သာ ရေးဆွဲယှဉ်ပြိုင်ရမည်။

၇။ ပြိုင်ပွဲဆုရဒီဇိုင်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က လိုအပ်သလိုအသုံးပြုမည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် ၂၆လမ်း×၂၇လမ်းကြားနှင့် ၇၁လမ်း×၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် ၂၀၂၅ ခုနှစ်၊ မတ်လ(၄)ရက်မှ ၂၀၂၅ ခုနှစ်၊ မတ်လ(၁၀)ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဒီဇိုင်းတင်ပြသူ၏မှတ်ပုံတင်၊ အိမ်ထောင်စုဇယားမိတ္တူတို့နှင့်အတူ လာရောက်ပေးပို့ယှဉ်ပြိုင်နိုင်ပါသည်။

မဏ္ဍပ် Back drop အတိုင်းအတာ -၆၃'-၀" × ၃၂'-၀"

မုခ်ဦး အတိုင်းအတာ -အလျား ၈၂'-၀" ၊ ကင်းလွတ်အမြင့် ၁၆'-၀" ၊ နဖူးစည်းအမြင့် ၆'-၀"

(ဌာနတွင် အသင့်ရှိသည့် သံထည်မုခ်ဦးတွင် ဒီဇိုင်းဆင်ရန်ဖြစ်ပါသည်)

ရွေးချယ်ခံရသော ဒီဇိုင်းများအတွက် ဆုများချီးမြှင့်သွားမည်ဖြစ်ပြီး ဆုရရှိသည့်ဒီဇိုင်းများကို မန္တလေးမြို့တော်မဟာသကြန်မဏ္ဍပ် Back drop နှင့် မုခ်ဦးများတွင် အသုံးပြုသွားပါမည်။ ဆုနှင့်ပတ်သက်ပြီး အကဲဖြတ်အဖွဲ့၏ အဆုံးအဖြတ်သည် အတည်ဖြစ်သည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ "အသိတရား" ဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့် "အရှိတရား" လည်း ဖြစ်တယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## AFC Challenge League ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်း၌ အနိုင်ရသော်လည်း ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခဲ့ရ

**ရန်ကုန် မတ် ၁၃**

၂၀၂၄-၂၀၂၅ ရာသီ AFC Challenge League ပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယအကျော့အဖြစ် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် ကမ္ဘောဒီးယားကလပ် Svay Rieng အသင်းတို့ မတ် ၁၃ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ အနိုင်ရသော်လည်း ပထမအကျော့ အဝေးကွင်းပွဲတွင် ဂိုးပြတ်အရေးနိမ့်ထားသဖြင့် နှစ်ကျော့ပေါင်း ရလဒ် ခုနစ်ဂိုး-လေးဂိုးဖြင့် အရေးနိမ့်ကာ ကွာတားဖိုင်နယ်မှ ထွက်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းအပြီးတွင် နှစ်ဂိုးပြတ်အထိ ဦးဆောင်နိုင်သော်လည်း ဒုတိယပိုင်းတွင် ဂိုးထပ်မသွင်းနိုင်သည့်အပြင် ချေပဂိုးတစ်ဂိုးပေးခဲ့ရသဖြင့် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ကျော်ဇင်ဖြိုး (ဂိုး)၊ ဖွဲ့ခန့်မင်း၊ သက်ဟိန်းစိုး၊ ဟိန်းဖြိုးဝင်း၊ ဝီလျံ၊ ခွန်ကျော်ဇင်ဟိန်း၊ ရဲရင့်အောင်၊ မတ်ခ်ဆာကီ၊ မြတ်ကောင်းခန့်၊ ဟီရိုတာ၊ ဘကာယိုကိုတို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ ပွဲအစ တစ်မိနစ်မှာပင် ခွန်ကျော်ဇင်ဟိန်းက ရှမ်းယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးစတင်သွင်းယူခဲ့ပြီး ၂၆ မိနစ်တွင် ရဲရင့်အောင်က ဒုတိယဂိုးထပ်သွင်းကာ ပထမပိုင်းအပြီးတွင် နှစ်ဂိုးပြတ် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ကမ္ဘောဒီးယားကလပ် Svay Rieng အသင်းက ချေပဂိုးပြန်ရရန် ကြိုးပမ်းလာရာ ၅၆ မိနစ်တွင် မိုရာချီက ပင်နယ်တီမှတစ်ဆင့် တစ်ဂိုးပြန်သွင်းခဲ့သည်။



ရှမ်းယူနိုက်တက်အသင်းနှင့် Svay Rieng အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရှမ်းယူနိုက်တက်အသင်းသည် AFC Challenge League ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ကမ္ဘောဒီးယားကလပ် Svay Rieng အသင်းနှင့် တွေ့ဆုံခဲ့ပြီး ပထမအကျော့ အဝေးကွင်းပွဲတွင် ခြောက်ဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ကာ ဒုတိယအကျော့ အဝေးကွင်းပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသော်လည်း နှစ်ကျော့ပေါင်း ခုနစ်ဂိုး-လေးဂိုးဖြင့် ရှုံးနိမ့်ကာ ဆီမီးဖိုင်နယ်နှင့် လွဲချော်ခဲ့ခြင်း ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ**-AFC

၀-၀-၀-၀
၀-၀-၀-၀-၀
၀-၀-၀-၀-၀-၀

## MFF ဖူဆယ်လ်လိဂ်(၁)ပြိုင်ပွဲတွင် MIU နှင့် MH Dream Team နိုင်ပွဲဆက်

**ရန်ကုန် မတ် ၁၃**

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်(၁)ပြိုင်ပွဲ ပွဲစဉ် (၁၇) ကို မတ် ၁၃ ရက်က ဆက်လက်ကျင်းပရာ ချန်ပီယံ MIU အသင်းနှင့် ဒုတိယနေရာမှ MH Dream Team အသင်းတို့ နိုင်ပွဲဆက်ခဲ့သည်။



ပွဲစဉ်(၁၇)တွင် MIU အသင်းက VUC အသင်းကို ငါးဂိုး-နှစ်ဂိုး၊ Generations အသင်းက SGF အသင်းကို သုံးဂိုး-နှစ်ဂိုး၊ YRG အသင်းက Winner Soccer အသင်းကို ခုနစ်ဂိုး-သုံးဂိုး၊ MH Dream Team အသင်းက M2K အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး YCDC Marga အသင်းနှင့် ဖူဆယ်ချစ်သူအသင်းတို့ သုံးဂိုးစီ သရေကျခဲ့သည်။ MIU အသင်းသည် ချန်ပီယံဖြစ်ထားပြီဖြစ်သော်လည်း ရှုံးပွဲမရှိမှတ်တမ်းအတွက် လက်ကျန်ပွဲများကို အာရုံစိုက်ကစားနေပြီး ပြိုင်ဘက်ဟောင်း VUC အသင်းကို ဂိုးပြတ်အနိုင်ယူခဲ့သည်။ VUC အသင်းသည် ယခုရှုံးပွဲကြောင့် တတိယနေရာမှ ဖယ်ပေးခဲ့ရပြီး YRG အသင်းသည် နောက်ဆုံးပွဲတွင် အနိမ့်ဆုံး သရေတစ်မှတ် ရယူနိုင်ရုံဖြင့် တတိယဆုရရှိမည်ဖြစ်သည်။

ပွဲစဉ်(၁၇)အပြီးတွင် MIU အသင်းက ရမှတ် ၅၀၊ MH Dream Team အသင်းက ၄၁ မှတ်၊ YRG အသင်းက ရမှတ် ၃၀၊ VUC အသင်းက ၂၇ မှတ်၊ Generations အသင်းက ၂၅ မှတ်၊ M2K အသင်းက ၂၂ မှတ်၊ Winner soccer အသင်းက ၁၆ မှတ်၊ YCDC Marga အသင်းနှင့် ဖူဆယ်ချစ်သူအသင်းတို့က ၁၂ မှတ်စီ၊ SGF အသင်းက ခုနစ်မှတ်ရရှိထားသည်။ ယခုရာသီ ဖူဆယ်လ်လိဂ်-၁ ပြိုင်ပွဲ နောက်ဆုံး ရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၈)ကို မတ် ၁၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊**
**ဓာတ်ပုံ**-MFF

၀-၀-၀-၀

## ၂၀၂၄-၂၀၂၅ ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်

၂၀၂၄-၂၀၂၅ ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ၁၆ သင်းအဆင့် ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

၂၀၂၄-၂၀၂၅ ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အာဆင်နယ်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်း၊ ပီအက်စ်ဂျီအသင်းနှင့် အက်စတွန်ဗီလာအသင်း၊ ဘာစီလိုနာအသင်းနှင့် ဒေါ့မွန်အသင်း၊ ဘိုင်ယန်မြူးနစ်အသင်းနှင့် အင်တာမီလန်အသင်းတို့ အသီးသီးထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

၂၀၂၄-၂၀၂၅ ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်အား ဧပြီ (၉၊ ၁၀)ရက်၊ ဒုတိယအကျော့ပွဲစဉ်အား ဧပြီ (၁၆၊ ၁၇)ရက်များတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

၀-၀-၀-၀

